BURMESE

DISRUPTING FOR EXCELLENCE

# NEW LEVELS NEW HEIGHTS



## 2024-2029

## မဟာနည်းဗျူဟာပိုင်းဆိုင်ရာ စီမံချက်

DeKalb County School District™

dekalbschoolsga.org

DeKalb County School District

# ပညာရေးဘုတ်အဖွဲ့



Mr. Diijon DaCosta Sr.

ဘုတ်အဖွဲ့ ဥက္ကဋ္ဌ

နယ်မြေ 6



Ms. Allyson Gevertz

နယ်မြေ 4



Mrs. Deirdre P. Pierce

ဒုဥက္ကဋ္ဌ

နယ်မြေ 3



Mrs. Vickie B. Turner

နယ်မြေ 5



Mrs. Anna Hill

နယ်မြေ 1



Dr. Joyce Morley

နယ်မြေ 7



Mrs. Whitney McGinniss

နယ်မြေ 2

# ဘုတ်အဖွဲ့ ဥက္ကဋ္ဌထံမှ အမှာစကား

DCSD မိသားစုဝင်များ၊ ဆရာ၊ဆရာမများ၊ စီမံအုပ်ချုပ်သူများ၊ ဝန်ထမ်းများ နှင့် ရပ်ရွာအဖွဲ့အစည်း လက်တွဲဖော်ပါတနာများတို့ထံ နှုတ်ခွန်းဆက်လိုက်ပါသည် -

ကျွန်ုပ်၏ မိတ်ဆွေ ဘုတ်အဖွဲ့ဝင်များနှင့် ကျွန်ုပ်သည် DeKalb ကောင်တီကျောင်းခရိုင် (*DCSD*) ၏ 2024-2029 အတွက် ငါးနှစ်တာ မဟာနည်းဗျူဟာပိုင်းဆိုင်ရာ စီမံချက် အသစ်ကို စိတ်လှုပ်ရှားစွာဖြင့် ဤတွင် မျှဝေလိုက်ပါသည်။ ဤစီမံချက်အားဖြင့် DeKalb ကောင်တီ ရပ်ကွက်တစ်ခုစီတိုင်းရှိ ကျောင်းသားများ အားလုံးသည် အရည်အချင်းပြည့်မီသော ဝန်ထမ်းများမှ အားသွန်ခွန်စိုက် ပို့ချပေးသည့် သင်ကြားပို့ချမှုများကို ရရှိကာ ကောင်းမွန်စွာ ပျိုးထောင်ပေး၍ ကိရိယာပစ္စည်း အစုံအလင်ရှိသော စာသင်ကျောင်းများတွင် တက်ရောက်ခွင့်ရရှိကြမည် ဖြစ်ပြီး၊ ကျောင်းသားများ၏ အောင်မြင်မှုများကို တိုင်းတာဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သေချာအောင် ဆောင်ရွက်နိုင်စေမည် ဖြစ်သည်။

ပွင့်လင်းမြင်သာမှုနှင့် တန်းတူညီမျှမှုတို့သည် ကျွန်ုပ်တို့ ခေါင်းဆောင်မှုအပိုင်း၏ အခြေခံအုတ်မြစ်ကျောက်တိုင်များ ဖြစ်ပေသည်။ ပညာသင်တစ်ဦးချင်းစီတိုင်းသည် ၎င်းတို့၏ နောက်ခံဘက်ဂရောင်၊ စီးပွားရေး အခြေအနေ၊ ဇစ်ကုဒ်၊ လူမျိုး၊ တိုင်းရင်းသား သို့မဟုတ် လိင်စိတ်တိမ်းညွှတ်မှု အစရှိသည်တို့ မည်သို့ပင်ဖြစ်ပါစေ အရည်အသွေးမြင့်မားသော ပညာရေးကို ရရှိကြကြောင်း သေချာစေဖို့ရန် ကျွန်ုပ်တို့ နှစ်မြှုပ်အားထုတ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တန်းတူညီမျှမှု၊ ညှိနှိုင်းပါဝင်ဆောင်ရွက်မှု နှင့် ပွင့်လင်းမြင်သာမှု အစရှိသည်တို့သည် မူစည်းမျဉ်းများအဖြစ် ချမှတ်ထားရုံသပ်သပ် မဟုတ်ပေ၊ ၎င်းတို့သည် ရပ်ရွာအဖွဲ့အစည်း အဖွဲ့ဝင်တစ်ဦးစီတိုင်းအတွက်ဌာ ကျွန်ုပ်တို့ လက်ကိုင်ကျင့်သုံးဖို့ရန် ကတိပြုထားသည့် လက်တွေ့ လေ့ကျင့်ဆောင်ရွက်မှုများ ဖြစ်ပေသည်။

နာမည်ကြီး ဘေ့စ်ဘော ကစားသမားတစ်ဦးဖြစ်သည့် Yogi Berra ၏ ကျော်ကြားသော မှတ်ချက်တစ်ခုမှာ "*သင် ဘယ်ကိုသွားနေလဲဆိုတာ သင် မသိဘူးဆိုရင် သင်ဟာ အခြားနေရာတစ်ခုခုမှာ အဆုံးသတ်ရပါလိမ့်မယ်*" ဟူ၍ ဖြစ်ပါသည်။ နောက်လာမည့် ငါးနှစ်အတွက် ဤအလုံးစုံချမှတ်ရေးဆွဲထားသော လမ်းညွှန်မြေပုံအား လိုက်နာခြင်းအားဖြင့် ကျွန်ုပ်တို့တွင် ရှင်းလင်းပြတ်သားသော ဦးတည်ချက်တစ်ခု ရှိလာမည် ဖြစ်ပြီး၊ ကျွန်ုပ်တို့ ပညာသင်များ၏ ပညာရေးပိုင်း၊ လူမှုရေးပိုင်းနှင့် စိတ်ခံစားချက်ပိုင်းဆိုင်ရာ ကြီးထွားရင့်ကျက်မှုအပိုင်း အစရှိသည်တို့နှင့်ပတ်သက်ပြီး ယခင်ကထက်ပိုမို၍ ယုံကြည်မှုများ ရှိလာမည် ဖြစ်သည်။

DeKalb ကောင်တီ ပညာရေးဘုတ်အဖွဲ့ တစ်ဖွဲ့လုံးကိုယ်စား ကျွန်ုပ်အနေနှင့် ကျွန်ုပ်တို့ ကျောင်းသားများ၏ အောင်မြင်ရေးအတွက်ဌာ အပင်ပန်းခံ ထည့်ဝင်ပါဝင်ဆောင်ရွက်ပေးကြသော တစ်ဦးတစ်ယောက်စီတိုင်း၊ ထို့ပြင် 2024-2029 အတွက် DCSD ၏ ငါးနှစ်တာ မဟာနည်းဗျူဟာပိုင်းဆိုင်ရာ စီမံချက် ဖန်တီးရေးဆွဲရာတွင် တန်ဖိုးမဖြတ်နိုင်သော ထည့်ဝင်မှုများ ဆောင်ရွက်ပေးခဲ့ကြသည့် တစ်ဦးတစ်ယောက်စီတိုင်း အစရှိသူတို့အပေါ် အလွန်ပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ DCSD ပညာသင်များအတွက် သင်၏ သစ္စာရှိလှစွာသော ပံ့ပိုးထောက်ပံ့မှု နှင့် နှစ်မြှုပ်အားထုတ်မှုများအတွက် သင့်အား ကျွန်ုပ်တို့ အမှန်တကယ်ပင် ကျေးဇူးတင်ရှိပြီး၊ ကျွန်ုပ်တို့ ဆက်လက်၍ အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရယူနိုင်မည့် အနာဂါတ် အောင်မြင်မှုများစွာကို စောင့်မျှော်မိလျက် ရှိပါသည်။

နွေးထွေးစွာဖြင့်၊

Diijon DaCosta, Sr. ၊ *ဥက္ကဋ္ဌ*
DeKalb ပညာရေး ဘုတ်အဖွဲ့

## မာတိကာ


ကြီးကြပ်သူဌာနမှူးထံမှ စာ 2

ရှုပါရုံမျှော်မှန်းချက်၊ တာဝန်ခံယူချက်၊ နှင့် ပင်မ ယုံကြည်ချက်များ 3

ကျောင်းပြီးမြောက်အောင်မြင်သူတစ်ဦး၏ ပုံရိပ် 5

မဟာနည်းဗျူဟာပိုင်းဆိုင်ရာ စီမံချက် အကျဉ်းချုပ် 6

တန်းတူညီမျှမှုနှင့် ဝင်ရောက်ရယူနိုင်စွမ်းရှိမှုများနှင့်အတူ ကျောင်းသားတစ်ဦး၏ ပညာရေးပိုင်းဆိုင်ရာ အောင်မြင်မှု 8

စာသင်ကျောင်း၊ မိသားစု နှင့် ရပ်ရွာအဖွဲ့အစည်း ညှိနှိုင်းလက်တွဲပါဝင်ဆောင်ရွက်မှု 11

အရည်အချင်းရှိသူများအား ခန့်အပ်ခြင်း၊ ပျိုးထောင်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းထားခြင်း 13

ယဉ်ကျေးမှုနှင့် ဥတုပတ်ဝန်းကျင်အခြေအနေ 15

စိတ်ကျန်းမာရေးနှင့် ဖူလုံပြည့်စုံကောင်းမွန်ရေး 17

အဖွဲ့အစည်းဆိုင်ရာ အကောင်းဆုံးဖြစ်မှု 19

အမြန်ကြည့်ရှုလေ့လာရန် 21

ဝေါဟာရ အဓိပ္ပါယ်ဖွင့်ဆိုချက်များ | အတိုကောက်စာလုံးများ 23

# ကြီးကြပ်သူဌာနမှူးထံမှ စာ

## ကျွန်ုပ်တို့၏ လမ်းကြောင်းအား ရှေ့ဆက် ဖော်လုပ်ခြင်း -

### 2024-2029 အတွက် DCSD ၏ မဟာနည်းဗျူဟာပိုင်းဆိုင်ရာ စီမံချက်

**မိသားစုများ၊ ပညာရေးဝန်ထမ်းများ နှင့် ရပ်ရွာအဖွဲ့အစည်း လက်တွဲဖော်ပါတနာများထံသို့ -**

ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကျွန်ုပ်သည် DeKalb ကောင်တီကျောင်းခရိုင် (*DCSD*) ၏ 2024-2029 အတွက် မဟာနည်းဗျူဟာပိုင်းဆိုင်ရာ စီမံချက်အား မျှဝေလိုက်ပါသည်။ ဤတိုးတက်မြင့်တင်ဆောင်ရွက်ထားသော ငါးနှစ်တာ စီမံချက်သည် ကျောင်းသားများ၏ အောင်မြင်ရေး နှင့် အောင်မြင်လုပ်ဆောင်နိုင်စွမ်းများ တိုးတက်ရေးအတွက် သာလွန်ထူးကဲသော သင်ရိုးအစီအစဉ်တစ်ခုကို ချမှတ်ရေးဆွဲပေးထားပါသည်။

ဤ မဟာနည်းဗျူဟာပိုင်းဆိုင်ရာ စီမံချက်သည် ဖွံ့ ဖြိုးတိုးတက်မှု၊ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် တာဝန်ယူ၊တာဝန်ခံမှု အစရှိသည်တို့အပေါ် အဓိကအာရုံစိုက်၍ ခေတ်နှင့်တစ်ပြေးညီဖြစ်သော ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းအပေါ် အထူးပြုကာ အလုံးစုံပါဝင်သော အခြေခံဘောင်တစ်ခုကို ရေးဆွဲဖော်ပြထားသည်။ ၎င်းသည် ခရိုင် စီမံအုပ်ချုပ်သူများ၊ ဆရာ၊ဆရာမများ နှင့် ဝန်ထမ်းအဖွဲ့ဝင်များ အစရှိသည်တို့ တစ်ဦးချင်းစီတိုင်းအတွက် ကျွန်ုပ်တို့၏ အဓိကပင်မဖြစ်သော သင်ကြားမှုနှင့် သင်ယူလေ့လာမှုဆိုင်ရာ တာဝန်ခံယူချက်များအကြောင်း ရှင်းလင်းသေချာစွာ နားလည်သိရှိစေဖို့ရန် လမ်းညွှန်ပေးသွားမည် ဖြစ်သည်။ ဤစီမံချက်သည် ကျောင်းသားများ ပိုမို တန်းတူညီမျှစွာဖြင့် သင်ယူလေ့လာနိုင်ပြီး၊ ဘဝအသက်တာတွင် ရလဒ်ကောင်းများ အောင်မြင်ရရှိနိုင်စေဖို့ရန် လက်တွေ့ကျသော လမ်းကြောင်းတစ်ခုကို ဇယားကွက်ရေးဆွဲပေးထားသည်။

၎င်းစီမံချက်အား ရပ်ရွာအဖွဲ့အစည်း ညှိနှိုင်းဆွေးနွေးပါဝင်ဆောင်ရွက်မှုများ အဆင့်ဆင့်ပြုလုပ်၍ ပူးပေါင်း ပုံဖော်ရေးဆွဲခဲ့ခြင်း ဖြစ်သည်။ ပြီးခဲ့သည့်နှစ်တစ်လျှောက်လုံးတွင် ကျွန်ုပ်တို့သည် မိသားစုများ၊ ကျောင်းသားများ၊ ပညာရေးဝန်ထမ်းများ၊ ရပ်ရွာအဖွဲ့အစည်း လက်တွဲဖော်ပါတနာများ နှင့် ရွေးချယ်ထားသော အရာရှိများ အစရှိသည်တို့ အပါအဝင် ပါဝင်သက်ဆိုင်သူ ထောင်ချီထံမှ ရှုထောင့်အမြင်များကို စုဆောင်းရယူခဲ့သည်။ DCSD သည် စစ်တမ်းများ၊ မြို့တော်ခန်းမ စုရုံးမှုများ၊ စာသင်ကျောင်း လည်ပတ်စစ်ဆေးမှုများ နှင့် တိုက်ရိုက် အပြန်အလှန်ပြောဆိုဆွေးနွေးမှုများကို အသုံးပြုခဲ့သည်။ ဤမဟာနည်းဗျူဟာပိုင်းဆိုင်ရာ စီမံချက်သည် ၎င်းသက်ဆိုင်သူများ အားလုံး၏ စုပေါင်းအသံ နှင့် နှစ်မြှုပ်အားထုတ်မှုများတို့၏ ကိုယ်စားပြု သက်သေတစ်ခုပင် ဖြစ်ပေသည်။

ကန့်သတ်ချက်များ ကျော်လွန်သွားသည်ဟူ၍ မရှိပါ။ ကျွန်ုပ်တို့သည် ရေရှည်တည်ရှိနေသော စိန်ခေါ်မှုအခက်အခဲများနှင့် မညီမျှမှုများတို့ကို ဖော်ထုတ်၍ အမြစ်ကနေ ဖြေရှင်းနိုင်မည့် ဖြေရှင်းမှုနည်းလမ်းများကို ရှာဖွေခဲ့ပါသည်။ ကျွန်ုပ်တို့သည် စစ်မှန်သော အောင်မြင်မှုများကို ရှာဖွေရရှိခဲ့ပြီး၊ ဤသည်တို့အား ခရိုင်တစ်ဝှမ်းတွင် ဖြန့်ကျက်ဆောင်ရွက်ဖို့ရန် နည်းလမ်းများကို ရှာဖွေတွေ့ ရှိခဲ့ပါသည်။

ကျွန်ုပ်၏ တရားဝင် တာဝန်ထမ်းဆောင်မှု စတင်ခဲ့သော ဇူလိုင်လ 2023 ကတည်းကပင်စတင်၍ ကျွန်ုပ်သည် DCSD အား အပြန်အလှန်လေးစားသမှုနှင့် အဓိပ္ပါယ်ပြည့်ဝသော ဆက်ဆံမှုများတို့ဖြင့် ပြည့်နှက်နေသော ပတ်ဝန်းကျင်တစ်ခု ဖြစ်လာစေဖို့ရန်ဂှာ ပညာရေးဆိုင်ရာ တာဝန်ခံယူချက်တစ်ခုအနေအဖြစ် ရှေ့တန်းတင် အားထုတ်ဆောင်ရွက်ဖို့ရန် သိမ်ဌာန်ချမှတ်ခဲ့ပါသည်။ ကျွန်ုပ်တို့ တန်ဖိုးထားသည့် ပင်မ တန်ဖိုး ခြောက်ချက်ဖြစ်သော H-PRIDE—*H*umanization (လူသားချင်းစာနာထောက်ထားမှု)၊ *P*rofessionalism (လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှု)၊ *R*espect (အပြန်အလှန်လေးစားသမှု)၊ *I*ntegrity (ရိုးသားစစ်မှန်မှု)၊ *D*ignity (ဂုဏ်သိက္ခာရှိမှု) နှင့် *E*mpathy (ကိုယ်ချင်းစာနာမှု)တို့ — သည် ကျွန်ုပ်တို့၏ နေ့စဉ် လုပ်ငန်းစီမံလည်ပတ်မှုများနှင့် နည်းဗျူဟာပိုင်းဆိုင်ရာ ကနဦးအစပြုစီမံဆောင်ရွက်မှုများတို့တွင် နက်ရှိုင်းစွာ နှစ်မြှုပ်ပါဝင်လျက် ရှိပါသည်။ ဤမူစည်းမျဉ်းများမှတစ်ဆင့် ကျွန်ုပ်တို့ ရပ်ရွာအဖွဲ့အစည်းအတွင်းမှ အသံ တစ်သံချင်းစီတိုင်းအား ကျွန်ုပ်တို့ တန်ဖိုးထား၊ ကြားနာမှုပြုကြောင်း၊ ကျွန်ုပ်တို့ ခရိုင်၏ ယဉ်ကျေးမှုကို အားအင်ဖြည့်တင်းမှုပြုကြောင်း။ ထို့ပြင် ပိုမို ညှိနှိုင်းပါဝင်ဆောင်ရွက်မှုရှိ၍ အားသစ်လောင်းခွန်အားပေးသော ရပ်ရွာအဖွဲ့အစည်းတစ်ခု ဖြစ်စေဖို့ရန် တိုက်တွန်းအားပေးမှုရှိကြောင်း အစရှိသည်တို့ကို ကျွန်ုပ်တို့ တမင်ရည်ရွယ်၍ လုပ်ဆောင်လျက် ရှိပါသည်။

နောက်ထပ်ပြီး အညှိအနှိုင်းမခံသော ကတိကဝတ်ပြုချက်မှာ ဘဏ္ဍာရေးနှင့်ဆိုင်သော တာဝန်ဝတ္တရားပင် ဖြစ်သည်။ 2024-2029 အတွက် DCSD ၏ မဟာနည်းဗျူဟာပိုင်းဆိုင်ရာ စီမံချက်အား ကျွန်ုပ်တို့ မိတ်ဆက်တင်ပြခဲ့သည်နှင့်အညီ ကျွန်ုပ်တို့သည် လူထုရန်ပုံငွေများအား တာဝန်ယူ ဘဏ္ဍာထိန်းသိမ်းရန် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားကို အသိအမှတ်ပြုပါသည်။ စေ့စပ်သေချာစွာ ဆောင်ရွက်သွားမည်ဟူသော ကျွန်ုပ်တို့၏ ကတိပြုချက်နှင့်အတူ နိုင်ငံတကာ ငွေကြေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများအားဖြင့် ငွေ တစ်ဒေါ်လာချင်းစီတိုင်းအား ရှင်းလင်းမြင်သာသော ရည်ရွယ်ဖြင့် ခွဲဝေသုံးစွဲသွားဖို့ရန် ကျွန်ုပ်တို့ သေချာအောင် ဆောင်ရွက်သွားမည် ဖြစ်ပြီး၊ ကျောင်းသားများ၏ သင်ယူလေ့လာမှုနှင့် အောင်မြင်မှုအား မြှင့်တင်ဖို့ရန်ဂှာ ကျွန်ုပ်တို့၏ မဟာနည်းဗျူဟာပိုင်းဆိုင်ရာ ပန်းတိုင်များကို တိုက်ရိုက် ထောက်ပံ့ပေးသွားမည် ဖြစ်ပါသည်။ ဤသို့ ဂရုတစိုက် အစီအစဉ်ရေးဆွဲ၍ ဘက်စေ့အောင် ထည့်သွင်းစဉ်းစားထားသော ငွေကြေးပိုင်းဆိုင်ရာ ကြည့်ရှုကွပ်ကဲမှုတို့အားဖြင့် ကလေးတစ်ဦးချင်းစီတိုင်းအတွက် အကောင်းဆုံးသော ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးသွားဖို့ရန် ကျွန်ုပ်တို့၏ ကတိပြုချက်အား အကောင်အထည်ဖော်ဆောင်သွားမည် ဖြစ်ပါသည်။



ဤတွင် ကျွန်ုပ်တို့၏ ဝန်ဆောင်ထောက်ပံ့မှု အဆောက်အအုံများအား အဆင့်မြှင့်တင်ခြင်းသည်လည်း အပါအဝင် ဖြစ်သည်။ ကောင်တီအတွင်း မြေနေရာ ပိုင်ဆိုင်မှု အများဆုံးသော ပိုင်ရှင်များထဲမှ တစ်ဦး ဖြစ်သည်နှင့်အညီ ကျွန်ုပ်တို့သည် စာသင်ကျောင်းဆိုဒ်နေရာ နှင့် အဆောက်အအုံ 140 ကျော်မှ စတုရန်းပေ 14 သန်း ကျော်သော မြေနေရာအား ထိန်းသိမ်းရလျက် ရှိပါသည်။ လုံခြုံရေး၊ သက်တောင့်သက်သာ အဆင်ပြေရေး နှင့် ဖွံ့ ဖြိုးကြီးထွားမှုရှိရေး အစရှိသည်တို့အပေါ် အဓိက ဦးစားပေးဆောင်ရွက်၍ DCSD သည် လက်ရှိ၌ နောက်လာမည့် သုံးနှစ်တာအတွင်း ကျွန်ုပ်တို့၏ သင်ယူလေ့လာမှု ပတ်ဝန်းကျင်အား တိုးတက်လာစေဖို့ဂှာ စီမံချက် 67 ခုအား စီစဉ်ရေးဆွဲထားပါသည်။ ဤအစီအစဉ်များသည် ကျွန်ုပ်တို့ ကျောင်းသားများနှင့် ဝန်ထမ်းများတို့၏ သင်ယူလေ့လာမှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ဖူလုံပြည့်စုံကောင်းမွန်ရေးတို့အား မြှင့်တင်ရန်အတွက်ဂှာ နောက်ဆုံးပေါ် ခေတ်မီ ဝန်ဆောင်ထောက်ပံ့မှုများအား ထောက်ပံ့ပေးသွားဖို့ရန် ခရိုင်၏ ကတိကဝတ်ပြုချက်နှင့် ယှဉ်မည်ဆိုလျှင် မပြောပလောက်ပင် ရှိပါသေးသည်။

2024-2029 အတွက်ဂှာ DCSD ၏ မဟာနည်းဗျူဟာပိုင်းဆိုင်ရာ စီမံချက်သည် စင်စစ် အစဉ်အမြဲ ဆင့်ကဲပြောင်းလဲနေလျက်ရှိသော ပညာရေးပိုင်းဆိုင်ရာ မြေမျက်နှာသွင်ပြင်နှင့်အညီ လိုက်လျောညီထွေ ကျင့်သုံးနိုင်စေဖို့ရန် ဒီဇိုင်းရေးဆွဲထားသော သက်ဝင် စာရွက်စာတမ်း တစ်စောင် ဖြစ်ပေသည်။ ၎င်း၏ အဓိကပင်မ အချက်အချာမှာ အရည်အသွေးမြင့်မားသော ပညာရေး အစီအစဉ်များကို ပျိုးထောင်စီစဉ်ပေး၍ အောင်မြင်မှု ရလဒ်များအား တိုးတက်လာစေဖို့ရန်ဂှာ ပံ့ပိုးထောက်ပံ့ပေးနိုင်သော ဖွဲ့စည်းပုံများကို တည်ဆောက်ပေးသွားဖို့ရန် ဖြစ်သည်နှင့်အညီ ၎င်းမဟာနည်းဗျူဟာပိုင်းဆိုင်ရာ စီမံချက်သည် ကျွန်ုပ်တို့ ကျောင်းသားများအတွက် ထိုက်တန်သော၊ ထို့ပြင် ကျွန်ုပ်တို့ ရပ်ရွာအဖွဲ့အစည်းမှ မျှော်လင့်ထားသော အရာတစ်ခုပင် ဖြစ်ပေသည်။

သို့ဖြစ်ရာ ၎င်းအား ကြည့်ရှုသုံးသပ်ပေးဖို့ရန်၊ မေးခွန်းများ မေးမြန်းပေးဖို့ရန်၊ ထို့ပြင် DeKalb ကောင်တီ စာသင်ကျောင်းများ၌ ကျွန်ုပ်တို့ တည်ဆောက်လျက်ရှိသော စိတ်လှုပ်ရှားဖွယ်ရာ အနာဂါတ်တွင် တစ်စိတ်တစ်ပိုင်း တက်ကြွစွာ ပါဝင်ပေးဖို့ရန် သင့်အား ကျွန်ုပ်တို့ တိုက်တွန်းအပ်ပါသည်။

ဤမဟာနည်းဗျူဟာပိုင်းဆိုင်ရာ စီမံချက်အား ဖန်တီးရာတွင် အချိန်ပေး၍ မိမိတို့၏ ထင်မြင်များနှင့် ကျွမ်းကျင်မှုများ ထည့်ဝင်ဆောင်ရွက်ပေးခဲ့ကြသော တစ်ဦးတစ်ယောက်ချင်းစီတိုင်းအပေါ် ကျေးဇူးတင်ရှိပါသည်။ ကျွန်ုပ်တို့၏ ကျောင်းသားများနှင့် ရပ်ရွာအဖွဲ့အစည်းအတွက် ကျွန်ုပ်တို့၏ တစ်လုံးတစ်ဝတည်း မျှဝေသော ရူပါရုံမျှော်မှန်းချက်နှင့် ကတိကဝတ်ပြု အားထုတ်မှုများနှင့်အတူ ပိုမိုတောက်ပသော အနာဂါတ်အတွက် ဆင်မြင့်တစ်ခု တည်ဆောက်ရာတွင် ကျွန်ုပ်တို့ အတူတကွ လက်တွဲပါဝင်ဆောင်ရွက်ကြပါစို့။

နွေးထွေးစွာဖြင့်၊

Dr. Devon Q. Horton ၊ *ကြီးကြပ်သူဌာနမှူး*
DeKalb ကောင်တီ ခရိုင်ကျောင်းနယ်မြေ




## မျှော်မှန်းချက်

ကျောင်းသားများအား တစ်သက်တာ
သင်ယူလေ့လာသူများအဖြစ်
အောင်မြင်စေဖို့ရန်၊ နှင့်
တာဝန်ယူမှုရှိသော ကမ္ဘာလုံးဆိုင်ရာ
နိုင်ငံသားတစ်ဦးဖြစ်လာစေဖို့
ပြင်ဆင်ပေးရန်

## တာဝန်ခံယူချက်

လုံခြုံအွန္တရာယ်ကင်း၍ ပံ့ပိုးထောက်ပံ့မှုရှိကာ
ညှိနှိုင်းပါဝင်ဆောင်ရွက်မှုရှိသော
သင်ယူလေ့လာမှု ပတ်ဝန်းကျင်တစ်ခုကို
ပျိုးထောင်ပေးခြင်းအားဖြင့်
ကျောင်းသားတစ်ဦးစီ၏ ပညာရေးပိုင်း၊
လူမှုရေးပိုင်းနှင့် စိတ်ခံစားချက်ပိုင်းဆိုင်ရာ
တိုးတက်ကြီးထွားမှုကို
မြှင့်တင်ဆောင်ရွက်ပေးသွားရန်

## ပင်မ ယုံကြည်ချက်များ

### *ကျွန်ုပ်တို့ ယုံကြည်ထားသည်မှာ -*

ကျောင်းသား တစ်ဦးစီ၏ ပညာရေး၊ လူမှုရေး နှင့်
စိတ်ခံစားချက်ပိုင်းဆိုင်ရာ လိုအပ်ချက်များအား
ပြည့်မီဖြည့်ဆည်းပေးသွားနိုင်စေမည်ဟု
ယုံကြည်ပါသည်

အရည်အသွေးပြည့်မီသော သင်ကြားပို့ချမှုနှင့်
သင်ယူလေ့လာမှုကို ပံ့ပိုးထောက်ပံ့ပေးနိုင်မည်ဟု
ယုံကြည်ပါသည်

---

ကျောင်းသားများ အားလုံးအတွက်
တန်းတူညီမျှသော ပညာရေးဆိုင်ရာ
အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဟု
ယုံကြည်ပါသည်

---

ယဉ်ကျေးမှု မတူကွဲပြားစုံလင်မှုများကို
ထွေးပွေ့ပေးနိုင်မည်ဟု ယုံကြည်ပါသည်



# ပင်မ တန်ဖိုးများ

## H

### လူသားဆန်မှု

DeKalb ကောင်တီကျောင်းခရိုင်အတွင်း စုပေါင်း၍ ပြီးမြောက်ဆောင်ရွက်ဖို့ရန် လိုအပ်သော အဓိကကျသည့် လုပ်ငန်းတာဝန်များကို ဖြေရှင်းဆောင်ရွက်ခြင်း မပြုမီ ကျွန်ုပ်တို့သည် ဦးစွာပထမဆုံး လူသားဆန်စွာ ဆက်သွယ်ချိတ်ဆက်မှု ပြုရမည် ဖြစ်သည်။ တန်ဖိုးနှင့်တန်ဖိုးရှိခြင်းကို အသိအမှတ်ပြုပြီး အခြားသူများကို အရင်းအမြစ်အဖြစ် တစ်ခုတည်း မကြည့်ဘဲ အဆုံးသတ်ရန် နည်းလမ်းတစ်ခုဖြစ်သည်။

## P

### ပရော်ဖယ်ရှင်နယ်ကျမှု

ကျွန်ုပ်တို့၏ လုပ်ငန်းခွင် နှင့် တစ်ကိုယ်ရေ နေထိုင်မှုဘဝ အခြေအနေများ အားလုံးတွင် ဤသည်အား ပြသနိုင်သင့်ပေသည်။ ကျွန်ုပ်တို့၏ဝတ်စားဆင်ယင်မှု သတ်မှတ်ချက် - ကျွန်ုပ်တို့ပြောဆိုဆက်ဆံပုံ၊ တာဝန်ခံမှု၊ အချိန်ကိုက်မှုတို့သည် ပရော်ဖက်ရှင်နယ်ဆန်မှုကို ကိုယ်စားပြုသည့် အင်္ဂါရပ်အချို့ဖြစ်သည်။

## R

### လေးစားမှု

ပရော်ဖက်ရှင်နယ်ဆန်သော လုပ်ငန်းခွင် ပတ်ဝန်းကျင်တစ်ခုသည် အပြန်အလှန် လေးစားသမှုထားရှိခြင်းအပေါ် တည်ဆောက်ထားခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် တစ်ဦးနှင့်တစ်ဦး ယဉ်ကျေးပျူငှာစွာဆက်ဆံပြီး၊ မတူကွဲပြားမှုကို တန်ဖိုးထားကာ မတူညီသောအမြင်များကို တန်ဖိုးထားပါသည်။

## I

### ရိုးဖြောင့်မှန်ကန်မှု

၎င်းသည် ပရော်ဖက်ရှင်နယ်ပီသမှုနှင့် နီးကပ်စွာ စပ်ဆက်နေသော်လည်း ၎င်းတွင် ရိုးသားမှု၊ စစ်မှန်မှု နှင့် သမာသမတ်ကျသော အပြုအမူများ ပါဝင်သက်ဆိုင်နေလျက်ရှိသည်။ လိုအပ်သည့်အခါတွင် ၎င်းတို့၏ လုပ်ဆောင်ချက်များအတွက် တာဝန်ယူပြီး လျှို့ဝှက်မှုကို ထိန်းသိမ်းသည်။

## D

### ဂုဏ်သိက္ခာရှိမှု

တစ်ဦးတစ်ယောက်ချင်းစီအပေါ် မျှတစွာ ဆက်ဆံမှု။ လူမျိုး၊ ကျား၊မ ဆိုင်ရာ၊ အသက်၊ သို့မဟုတ် လိင်စိတ်တိမ်းညွတ်မှုကြောင့် လူတစ်ဦးချင်းစီကို ခွဲခြားဆက်ဆံခြင်းမပြုရ။ ရာထူး သို့မဟုတ် ရာထူးမခွဲခြားဘဲ ပွင့်လင်းရိုးသားစွာ ပြောဆိုဆက်ဆံမှုသည် မရှိမဖြစ်လိုအပ်ပါသည်။

## E

### ကိုယ်ချင်းစာနာမှု

အခြားသူများ၏ ခံစားချက်များ၊ ရှုထောင့်အမြင်များနှင့် အတွေ့အကြုံများအပေါ် နားလည်၊ မျှဝေခံစားပေးနိုင်ခြင်း။ အခြားသူများ၏ စိတ်ခံစားမှုနှင့် စိုးရိမ်ပူပန်မှုများကို အသိအမှတ်ပြုခြင်းနှင့် အသိအမှတ်ပြုခြင်းတို့အပြင် စာနာထောက်ထားမှုဖြင့် တုံ့ပြန်ခြင်းလည်း ပါဝင်ပါသည်။

# ကျောင်းပြီးမြောက်အောင်မြင်သူတစ်ဦး၏ ပုံရိပ်

## ပြန်လည်ဆင်ခြင်သုံးသပ်မှုရှိ၍ ဒဏ်ခံနိုင်ရည်ရှိသော သင်ယူသူ… *ကျွန်ုပ်သည်* -

- သင်ရိုးမာတိကာ အကြောင်းအရာများ၊ ကျွမ်းကျင်မှုများ နှင့် စံသတ်မှတ်ချက်များအကြောင်း နားလည်သိရှိမှုကို ပြသနိုင်သည်
- အောင်မြင်မှုများနှင့် စိန်ခေါ်မှုအခက်အခဲများအပေါ် ပြန်လည်သုံးသပ်ရင်းဖြင့်၊ ထို့ပြင် ကျွန်ုပ်၏ တစ်ကိုယ်ရေ နှင့် ပညာရေး ပန်းတိုင်များသို့ အောင်မြင်ရောက်ရှိနိုင်ဖို့ရာ သင့်တင့်သော ချိန်ညှိပြောင်းလဲမှုများကို ပြုလုပ်ခြင်းဖြင့် ကျွန်ုပ်၏ ဆောင်ရွက်ချက် ဖြစ်နိုင်ခြေ ရလဒ်များကို အကဲဖြတ်သုံးသပ်နိုင်သည်
- ကြီးထွားဖွံ့ ဖြိုးတိုးတက်မှု ရှိလာစေဖို့ရာ အဖွဲ့အစည်းနှင့် ပရောဂျက် စီမံခန့်ခွဲမှုများကို အသုံးပြုခြင်းအားဖြင့် ကျွန်ုပ်ကိုယ်ကို ကျွန်ုပ် တာဝန်ခံ၊ တာဝန်ယူနိုင်သည်
- တိုးတက်လာမှုရှိလာစေဖို့ရာ အပြုသဘောဆောင်သော ကျရှုံးမှုများနှင့် စိန်ခေါ်မှုအခက်အခဲများကြားမှတစ်ဆင့် ကြံ့ ကြံ့ ခံ လုံ့လဝိရိယစိုက်ထုတ်နိုင်သည်
- မြို့ ပြအဖွဲ့ အစည်းတွင် ညီနိုင်းပါဝင်ဆောင်ရွက်မှု၊ စာရင်းသွင်းအပ်နှံမှု၊ အလုပ်အကိုင်ရရှိမှု၊ စွန့်ဦးတီထွင်ဆောင်ရွက်မှု သို့မဟုတ် အမှုထမ်းရန် စာရင်းသွင်းမှု အစရှိသည်တို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် အသင့်ဖြစ်နေမှုကို ပြသနိုင်သည်

## ကမ္ဘာလုံးဆိုင်ရာ နှံ့စပ်မှုရှိသော နိုင်ငံသား… *ကျွန်ုပ်သည်* -

- အမျိုးမျိုးသော ယဉ်ကျေးမှုများ၊ ရှုထောင့်အမြင်များ နှင့် ယုံကြည်ချက်များတို့ကို လေးစားသမှုထားနိုင်ပါသည်
- အခြားသူများအပေါ် မေတ္တာကြီးမားမှု နှင့် စာနာထောက်ထားမှုတို့ကို ကျင့်သုံးဆောင်ရွက်နိုင်ပါသည်
- သက်ရောက်မှုအခံရဆုံးသောသူများ၏ ရှုထောင့်မှနေ၍ ရပ်ရွာအဖွဲ့ အစည်းနှင့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာကိစ္စရပ်များကို လေ့လာဖော်ထုတ်နိုင်ပြီး၊ ကျိုးကြောင်းသင့်တင့်သော ဖြေရှင်းမှုနည်းလမ်းများကို စီမံရေးဆွဲနိုင်ပါသည်
- ဆုံးဖြတ်ချက်များ ချမှတ်နိုင်စေဖို့ရာ ဘက်မလိုက်သည့် ဒီမိုကရက်တစ် လုပ်ငန်းစဉ်တစ်ခုအား စီမံခန့်အပ်နိုင်ပါသည်

## တီထွင်ဖန်တီးမှုရှိ၍ အင်တိုက်အားတိုက်ရှိသော သင်ယူသူ … *ကျွန်ုပ်သည်* -

- ကျွန်ုပ်သည် အသစ်သောအရာများ ဖန်တီးခြင်းနှင့်ပတ်သက်၍ စူးစမ်းလေ့လာလိုစိတ်၊ မူလပင်ရင်းဖန်တီးမှု၊ တီထွင်ဆန်းသစ်နိုင်စွမ်း၊ ထို့ပြင် တီထွင်ကြံဆမှုရှိသော ပြဿနာဖြေရှင်းနိုင်စွမ်းများအား ပြသနိုင်သည်
- ပြဿနာကိစ္စရပ်တစ်ခုကို နက်ရှိုင်းစွာ ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်သည့်အပြင် ပြဿနာများအား ဖြေရှင်း၍ အသစ်သော လုပ်ငန်းစဉ်များအား စီစဉ်ရေးဆွဲရသည့်အခါတွင် ရှုထောင့်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားပေးနိုင်သည်
- သင့်တင့်သော စွန့်စားဆောင်ရွက်မှုများကို ပြုလုပ်ပြီး၊ သင်ယူရရှိသော သင်ခန်းစာများပေါ်တွင် အခြေခံကာ ချိန်ညှိပြင်ဆင်မှုများကို ပြုလုပ်နိုင်သည်
- အချက်အလက်များ နှင့် စိန်ခေါ်မှုအခက်အခဲများအား ကျွန်ုပ်ကိုယ်ပိုင် အတွေးအခေါ် ဖြင့် တွေးတောဆင်ခြင်သည်သာမက ကျွန်ုပ်အပေါင်းအဖော်များ၏ တွေးတောဆင်ခြင်ပုံ နှစ်မျိုးစလုံးဖြင့်ပါ အကဲဖြတ်သုံးသပ်နိုင်သည်
- အသစ်သော ဖြေရှင်းမှုနည်းလမ်းများအား ဖော်ထုတ်ရန်အတွက်ရာ မေးခွန်းများ ထုတ်၍ အတွေးအခေါ်များအား တစ်ဆင့်ချင်းပေါင်းစပ် စီစဉ်ရေးဆွဲနိုင်သည်

## ထိရောက်မှုရှိသော ဆက်သွယ်ဆောင်ရွက်သူ … *ကျွန်ုပ်သည်* -

- ဘုံရည်မှန်းချက်ပန်းတိုင်အား အောင်မြင်ရောက်ရှိနိုင်ဖို့ရာ မတူကွဲပြားစုံလင်သော အုပ်စုတစ်စုနှင့်အတူ လက်တွဲလုပ်ဆောင်နိုင်သည်
- အဓိပ္ပါယ်ပြည့်ဝသော တုံ့ပြန်မှတ်ချက်များကို ပေးအပ်နိုင်သည်၊ ထို့ပြင် လက်ခံရရှိနိုင်သည်
- အဖွဲ့ လိုက် ရလဒ်ကောင်းများ ရရှိနိုင်ဖို့အတွက် တစ်ကိုယ်ရေ ကိုယ်ပိုင်တာဝန်အား တာဝန်ခံနိုင်သည်
- အမျိုးမျိုးသော အတွေးအမြင်များ နှင့် အခြားသူများ၏ ရှုထောင့်အမြင်များတို့ကို တလေးတစား တန်ဖိုးထားပေးနိုင်သည်

## ထိရောက်မှုရှိသော ပူးပေါင်းဆောင်ရွက်သူ … *ကျွန်ုပ်သည်* -

- အတွေးအခေါ်များအား ရှင်းလင်းပြတ်သားစွာဖြင့် လေးစားသမှုထား၍ ထုတ်ဖော်ပြောဆို၊ မျှဝေနိုင်သည်
- အတွေးအခေါ်များ နှင့် အတွေးအမြင်များအား ထုတ်ဖော်ဖွင့်ဟရန်အတွက် အမျိုးမျိုးသော ပလက်ဖောင်းများကို အသုံးပြုနိုင်သည်
- နည်းပညာအား ထိရောက်စွာ၊ ထို့ပြင် တာဝန်ခံ၊တာဝန်ယူမှုရှိစွာ အသုံးပြုနိုင်သည်
- စိတ်ကို အကောင်းဆုံး ဖွင့်ပေးထားပြီး တက်ကြွစွာ နားဆင်ပေးနိုင်သည်၊ ထို့ပြင် အခြားသူများ၏ အတွေးအခေါ်များကို လေးစားသမှုထားနိုင်သည်



# မဟာနည်းဗျူဟာပိုင်းဆိုင်ရာ စီမံချက် 2024-2029 အကျဉ်းချုပ်

## ပန်းတိုင် ဧရိယာ 1




### တန်းတူညီမျှမှု နှင့် ဝင်ရောက်ရယူနိုင်ခွင့်များနှင့်အတူ ကျောင်းသား၏ ပညာရေးဆိုင်ရာ အောင်မြင်မှု

1.1 ကျောင်းသားများ အားလုံးအတွက်ဌာ ခရိုင်နှင့် ပြည်နယ် အကဲဖြတ်စစ်ဆေးမှုများတွင် စာပေ ကျွမ်းကျင်တတ်မြောက်မှုနှုန်းများ တိုးတက်လာစေရန်။

1.2 ကျောင်းသားများ အားလုံးအတွက်ဌာ ခရိုင်နှင့် ပြည်နယ် အကဲဖြတ်စစ်ဆေးမှုများတွင် ကိန်းဂဏန်းဆိုင်ရာ ကျွမ်းကျင်တတ်မြောက်မှုနှုန်းများ တိုးတက်လာစေရန်။

1.3 4 နှစ် နှင့် 5 နှစ် အုပ်စု ကျောင်းပြီးမြောက်အောင်မြင်မှုနှုန်းများ တိုးတက်လာစေရန်။

1.4 ကျောင်းသားများ အားလုံးသည် ပညာရေးအစီအစဉ်များနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ လမ်းကြောင်းများသို့ တန်းတူညီမျှစွာ ဝင်ရောက်ရယူခွင့်ရရှိကြောင်းနှင့် ပံ့ပိုးထောက်ပံ့မှုများ ရရှိကြောင်း သေချာအောင် ဆောင်ရွက်ရန်။

1.5 ကောလိပ်နှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ အသင့်ဖြစ်မှု ဆောင်ရွက်ချက် ညွှန်းကိန်း (CCRPI) ဖြင့် တိုင်းတာချက်အရ ကျောင်းသား ပညာရေး တိုးတက်ကြီးထွားမှုများ တိုးတက်လာစေရန်။

1.6 တီထွင်ဆန်းသစ်မှုရှိသော နည်းပညာအား အသုံးပြု၍ ဒီဂျစ်တယ် စာပေ ကျွမ်းကျင်မှုများတွင် ကျောင်းသားများ၏ ကျွမ်းကျင်တတ်မြောက်မှုအား မြှင့်တင်ဆောင်ရွက်သွားရန်။

## ပန်းတိုင် ဧရိယာ 2




### စာသင်ကျောင်း၊ မိသားစု နှင့် ရပ်ရွာအဖွဲ့အစည်း ညှိနှိုင်းပါဝင်ဆောင်ရွက်မှု

2.1 ပါဝင်သက်ဆိုင်သူများ၏ နှစ်သက်အလိုဆန္ဒရှိရာများ ပြည့်မီစေဖို့အလို့ငှာ အသေးစိတ်တိုင်းတာစီမံဆောင်ရွက်ထားသည့် ရှင်းလင်းမြင်သာမှုရှိကာ အလွယ်တကူဝင်ရောက်ရယူနိုင်သော သက်ဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုအား ထုတ်ပြန်သွားဖို့ငှာ မိသားစု၊ စာသင်ကျောင်း နှင့် ရပ်ရွာအဖွဲ့အစည်း ညှိနှိုင်းပါဝင်ဆောင်ရွက်မှုအား အားဖြည့်တင်းရန်။

2.2 ခရိုင်တစ်ဝှမ်း ကနဦးအစပြုဆောင်ရွက်မှုများအား ပံ့ပိုးထောက်ပံ့ပေးသည့် ပူးပေါင်းဆောင်ရွက်မှုများအား ပျိုးထောင်ဖို့အလို့ငှာ ခရိုင်၊ မိသားစုများ၊ ရပ်ရွာအဖွဲ့အစည်း လက်တွဲဖော်များ နှင့် စီးပွားရေးလုပ်ငန်းများတို့အကြား ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများအား ဖန်တီးသွားရန်။

2.3 ရှင်းလင်းမြင်သာမှုရှိ၍ အချိန်မှန်ပေးပို့သော သက်ဆိုင်ရာ သတင်းအချက်အလက်များ စီးဆင်းမှုရှိကြောင်း သေချာစေရန်အလို့ငှာ ပါဝင်သက်ဆိုင်သူများအတွက် ဆက်သွယ်ဆောင်ရွက်မှု လုပ်ငန်းစဉ်များအား တိုးမြှင့်ဆောင်ရွက်သွားရန်။

2.4 ဘာသာစကားမျိုးစုံသော မိသားစုများနှင့်အတူ ထိရောက်စွာ ညှိနှိုင်းပါဝင်ဆောင်ရွက်မှု ပြုလုပ်နိုင်စေရန် နှင့် ခရိုင်နှင့် စာသင်ကျောင်း သတင်းအချက်အလက်များသို့ တန်းတူညီမျှစွာ ဝင်ရောက်ရယူနိုင်ခွင့်အား ထောက်ပံ့ပေးသွားရန် အစရှိသည်တို့အတွက်ဌာ ရှင်းလင်းမြင်သာသော ဆက်သွယ်ဆောင်ရွက်မှု လမ်းကြောင်းများအား ထုတ်ပြန်သွားရန်။

## ပန်းတိုင် ဧရိယာ 3



### အရည်အချင်းရှိသူများအား ခန့်အပ်၊ ဖွံ့ ဖြိုးတိုးတက်စေ၍ ထိန်းသိမ်းထားမှု

3.1 ကမ္ဘာ့အဆင့်မီ တီထွင်ဆန်းသစ်မှုရှိသော အရည်အချင်းရှိသူများအား ရောင်ပြန်ထင်ဟပ်မှုရှိသည့် မတူကွဲပြားစုံလင်၍ မြင့်မားစွာ အရည်အချင်းပြည့်မီသော လုပ်အားထုတစ်ခုအား ငှားရမ်း၊ ခန့်အပ်သွားရန်။

3.2 အရည်အသွေးကောင်းမွန်သော သင်ကြားပို့ချမှု နှင့် သင်ယူလေ့လာမှု အထွက်ရလဒ်များ၊ တီထွင်ဆန်းသစ်မှုရှိသော လုပ်အားထု နှင့် ရှုပါရုံမျှော်မှန်းချက်များ မြင့်မားသော ခေါင်းဆောင်များ အစရှိသည်တို့အား သေချာစေရန်အလို့ငှာ စွမ်းဆောင်ရည်မြင့်မားသည့် ဝန်ထမ်းများအား ပျိုးထောင်သွားရန်။

3.3 အစိတ်အပိုင်းတစ်ခုချင်းအလိုက် ခရိုင် အစီအစဉ်များနှင့် ဝန်ဆောင်မှုများတို့၏ ရေရှည်ခံဆောင်နိုင်စွမ်းနှင့် ထိရောက်အစွမ်းထက်မှုတို့အား သေချာစေရန်အလို့ငှာ အရေးကြီးသော လိုအပ်ချက်များရှိသည့် ရာထူးနေရာများမှ မြင့်မားစွာ ထိရောက်စွမ်းဆောင်နိုင်သော ဝန်ထမ်းများအား ထိန်းသိမ်းထားနိုင်ရန်။

3.4 မရှိမဖြစ်လိုအပ်သော အစီအစဉ်များနှင့် ဝန်ဆောင်မှုများတို့၏ ရေရှည် အောင်မြင်စွာရပ်တည်နိုင်စွမ်းအား သေချာစေရန်အလို့ငှာ သော့ချက်ကျသော ဝန်ထမ်း ရာထူးနေရာများတွင် လစ်လပ် ဝန်ထမ်းနေရာအား အဆင်သင့်ဖြည့်သွင်းနိုင်ရန် လမ်းကြောင်းအစီအစဉ်များ ရေးဆွဲထားရန်။

DISRUPTING FOR EXCELLENCE
NEW LEVELS
NEW HEIGHTS

## ပန်းတိုင် ဧရိယာ 4

### ယဉ်ကျေးမှု နှင့် ဥတုအခြေအနေ

**4.1** စာသင်ကျောင်းများ အားလုံးသည် ကျောင်းသားများနှင့် ဝန်ထမ်းများ အားလုံးအတွက် လုံခြုံအန္တရာယ်ကင်း၍ အစီအစဉ်တကျရှိကာ ပံ့ပိုးထောက်ပံ့မှုပြုပေးသော သင်ယူလေ့လာမှု ပတ်ဝန်းကျင်တစ်ခုကို ထောက်ပံ့ပေးကြောင်း သေချာအောင် ဆောင်ရွက်ရန်။

**4.2** စာသင်ကျောင်းများ အားလုံးတွင် ပြန်လည်ပြုပြင်ထိန်းသိမ်းမှုပြုသော အလေ့အကျင့် ဖွဲ့စည်းမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ နှင့် အပြုသဘောဆောင်သော အမူအကျင့်ပိုင်းဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများနှင့် ပံ့ပိုးထောက်ပံ့မှု (PBIS) အစီအစဉ်များ အသုံးပြုသည့် စာသင်ကျောင်းများ အရေအတွက် နှစ်စဉ် တိုးတက်မှုရှိလာစေရန်။

**4.3** အပြုသဘောဆောင်ရွက်၍ ညှိနှိုင်းပါဝင်ဆောင်ရွက်မှုရှိသော စာသင်ကျောင်း အတွေ့အကြုံတစ်ခုအား ဖန်တီးပေးခြင်းအားဖြင့် ကျောင်းသားများ၏ အတန်းတက်ရောက်မှုနှုန်း တိုးတက်လာစေရန်။

**4.4** အားလုံးသော စာသင်ကျောင်းများတွင် အမှုဖြန်ဖြေသော နည်းပညာများနှင့် အရေးပေါ်အန္တရာယ်အခြေအနေ ကာကွယ်တားဆီး ကြားဝင်ဆောင်ရွက်မှု (CPI) နည်းစနစ်များနှင့်ပတ်သက်ပြီး ထရိန်နင်သင်တန်းရရှိထားသော ဝန်ထမ်းများရှိကြောင်း သေချာအောင် ဆောင်ရွက်ရန်။



## ပန်းတိုင် ဧရိယာ 5

### စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး နှင့် ဖူလုံပြည့်စုံကောင်းမွန်မှု

**5.1** အပြုသဘောဆောင်သော စိတ်ကျန်းမာရေးနှင့် ဖူလုံပြည့်စုံရေးတို့အား မြှင့်တင်ပေးနိုင်သည့် လုံခြုံအန္တရာယ်ကင်း၍ ပံ့ပိုးထောက်ပံ့မှုရှိသော ပတ်ဝန်းကျင်များအား ဖန်တီးပေးသွားရန်။

**5.2** ကောင်းမွန်စွာ စီမံခန့်ခွဲထားသော သင်ယူလေ့လာမှု ပတ်ဝန်းကျင်များအား မွေးမြူပျိုးထောင်ပေးရန်အလို့ငှာ စိတ်ကျန်းမာရေးအပေါ် သက်ရောက်မှုရှိနိုင်သော အချက်များကို သတိပြုသိရှိစေဖို့ တိုးမြှင့်ဆောင်ရွက်သွားရန်။

**5.3** အတန်းတွင်း အမူအကျင့်များနှင့် အတန်းဖော် ဆက်ဆံရေးများအား ဖွံ့ဖြိုးတိုးတက်လာစေဖို့ငှာ စိတ်ကျန်းမာရေး ပံ့ပိုးထောက်ပံ့ပေးနိုင်သော ဝန်ထမ်းများ တိုးမြှင့်ခန့်အပ်သွားရန်။

**5.4** စိတ်ကျန်းမာရေးဆိုင်ရာ ပရော်ဖက်ရှင်နယ် သင်ယူလေ့လာမှု အခွင့်အလမ်းများတွင် ဝန်ထမ်းများ၏ ပါဝင်ဆောင်ရွက်မှုအား တိုးချဲ့ ဆောင်ရွက်သွားရန်။



## ပန်းတိုင် ဧရိယာ 6

### အဖွဲ့အစည်းဆိုင်ရာ အကောင်းဆုံးလုပ်ဆောင်နိုင်မှု

**6.1** ကျောင်းသားများ အားလုံးအတွက် သန့်ရှင်းသေသပ်၍ လုံခြုံအန္တရာယ်ကင်းကာ ထိရောက်သော စာသင်ကျောင်း ဝန်ဆောင်ထောက်ပံ့မှုများ ထောက်ပံ့ပေးသွားရန်။

**6.2** ကျောင်းသားများ အားလုံးအတွက် လုံခြုံအန္တရာယ်ကင်း၍ ထိရောက်မှုရှိသော ပို့ဆောင်ဆက်သွယ်ရေး ဝန်ဆောင်မှုများ ထောက်ပံ့ပေးရန်။

**6.3** ကျောင်းသားများ အားလုံးအတွက် ထိရောက်သော စာသင်ကျောင်း အစာအဟာရ ဝန်ဆောင်မှုများနှင့် ကျန်းမာသော အစားအသောက်များ ထောက်ပံ့ပေးရန်။

**6.4** ကျောင်းသားများ အားလုံးအတွက် လုံခြုံမှုရှိကာ အလွယ်တကူဝင်ရောက်ရယူနိုင်သည့်အပြင် တန်းတူညီမျှမှုရှိသော ဒီဂျစ်တယ် သင်ယူလေ့လာမှု ပတ်ဝန်းကျင်အား တိုးတက်ဆောင်ရွက်သွားရန် နှင့် ထိန်းသိမ်းပေးသွားရန်။

**6.5** ခရိုင် အရင်းအမြစ်များနှင့်ပတ်သက်၍ အကောင်းဆုံးသော ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုအား သေချာအောင် ဆောင်ရွက်သွားရန်။





## ပန်းတိုင် ဧရိယာ 1

# တန်းတူညီမျှမှု နှင့် ဝင်ရောက်ရယူနိုင်ခွင့်များနှင့်အတူ ကျောင်းသား၏ ပညာရေးဆိုင်ရာ အောင်မြင်မှု

| လုပ်ဆောင်ချက်ပိုင်းဆိုင်ရာ ရည်မှန်းချက် နှင့် မဟာနည်းဗျူဟာများ | သော့ချက်ကျသော လုပ်ဆောင်ချက် ညွှန်းကိန်း (KPI) |
|---|---|
| 1.1 ကျောင်းသားများ အားလုံးအတွက်ဂှာ ခရိုင်နှင့် ပြည်နယ် အကဲဖြတ်စစ်ဆေးမှုများတွင် စာပေ ကျွမ်းကျင်တတ်မြောက်မှုနှုန်းများ တိုးတက်လာစေရန်။ | 2029 အတွက် စမတ် (SMART) ပန်းတိုင် - |
| a. အစောပိုင်း စာပေကျွမ်းကျင်မှုများအား တိုးမြင့်လာစေဖို့ရန် အဓိက အာရုံပြုဆောင်ရွက်ထားသော ဂရိတ် K-3 အတွက် တိုးတက်မှုအခြေအနေ စောင့်ကြည့်မှု ကိရိယာတစ်ခုအား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ နှင့် အဆိုပါကိရိယာအား မည်သို့ အသုံးပြုရမည်ဖြစ်ကြောင်း ဆရာ၊ဆရာမများထံ သင်ကြားပေးဖို့ဂှာ လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာ သင်ယူလေ့လာမှုအား ထောက်ပံ့ပေးသွားရန်။ | • ELA EOG ကျွမ်းကျင်မှုနှုန်းထားသည် 47% ဖြစ်လာမည် ဖြစ်သည်။ |
| b. မိမိတို့၏ သက်ဆိုင်ရာ ဂရိတ်အတန်းအဆင့်အောက် ဆောင်ရွက်နေလျက်ရှိသော ကျောင်းသားများအတွက် ဖြည့်စွက် သင်ကြားပို့ချမှုများ၊ အုပ်စုငယ်ဖွဲ့ ၍ ပံ့ပိုးမှုများ၊ ထို့ပြင် ၎င်းကျောင်းသားများ၏ သင်ယူလေ့လာနိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည့် အရင်းအမြစ်များ အစရှိသည်တို့ကို အသုံးပြု၍ ခရိုင်တစ်ဝှမ်း ထောက်ပံ့ပေးသော စာဖတ်စွမ်းရည် ကြားဝင်ဆောင်ရွက်ပေးမှုများအား အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။ | • ELA EOC ကျွမ်းကျင်မှုနှုန်းထားသည် 46% ဖြစ်လာမည် ဖြစ်သည်။ |
| c. ဖွံ့စည်းတည်ဆောက်မှုပိုင်းဆိုင်ရာ စာပေ၊ ပညာရေးဆိုင်ရာ ဝေါဟာရ ဖွံ့ ဖြိုးတိုးတက်မှု နှင့် သင်ရိုးညွှန်းတမ်းတစ်လျှောက် ကွက်ကွက်ကွင်းကွင်းမြင်သာသော စာဖတ်စွမ်းရည်နှင့် အရေးအသားပိုင်း ညွှန်ကြားပို့ချချက်များ အစရှိသည်တို့ကဲ့သော စာပေ ကျွမ်းကျင်မှု တိုးတက်လာစေနိုင်ကြောင်း အထောက်အထားခိုင်လုံစွာ တွေ့ ရှိရသည့် သက်သေအထောက်အထားအခြေပြုသော သင်ကြားပို့ချမှု နည်းဗျူဟာများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။ | |



| လုပ်ဆောင်ချက်ပိုင်းဆိုင်ရာ ရည်မှန်းချက် နှင့် မဟာနည်းဗျူဟာများ | သော့ချက်ကျသော လုပ်ဆောင်ချက် ညွှန်းကိန်း (KPI) |
| --- | --- |

**1.2 ကျောင်းသားများ အားလုံး၏ ခရိုင်နှင့် ပြည်နယ် စာမေးပွဲအကဲဖြတ်စစ်ဆေးမှုများမှ ကျွမ်းကျင်မှု နှုန်းထား ကိန်းဂဏန်းများကို တိုးမြင့်လာစေရန်။**

a. ကိန်းဂဏန်းအကြောင်း ဆွေးနွေးမှုများ၊ သင်္ချာဘာသာရပ်အကြောင်း ဆွေးနွေးမှုများ၊ သုံးကြိမ်ဖတ်ရှုမှု နည်းစနစ်၊ Polya ၏ ပြဿနာဖြေရှင်းမှုလုပ်ငန်းစဉ်၊ 3 ရပ်သော သင်္ချာဘာသာရပ် တာဝန်စေခိုင်းမှု နှင့် Newman စေခိုင်းချက်များ အစရှိသည်တို့ကဲ့သော သက်သေအထောက်အထားခိုင်လုံသည့် ကိန်းဂဏန်းနှင့် ပြဿနာဖြေရှင်းမှု အရည်အချင်းများ တိုးတက်လာစေကြောင်း တွေ့ ရှိရသော သက်သေအထောက်အထား အခြေပြုသည့် သင်ကြားပို့ချမှု နည်းဗျူဟာများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

b. Georgia ၏ K-12 သင်္ချာဘာသာရပ်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် တစ်ညီတည်းဖြစ်သည့် အလုံးစုံသော သင်္ချာဘာသာရပ် သင်ရိုးညွှန်းတမ်းတစ်ခုအား သင်ကြားပေးရန်။ ရှင်းလင်းသော သင်ယူလေ့လာမှုဆိုင်ရာ ပစ်မှတ်များ၊ အောင်မြင်မှု စံသတ်မှတ်ချက်များ၊ သင်ကြားပို့ချမှုဆိုင်ရာ ယုတ္တိကျသော အကျိုးဆက်များ၊ ထို့ပြင် အမျိုးမျိုးသော သင်ကြားပို့ချမှု ထောက်ကူပစ္စည်းများ နှင့် အရင်းအမြစ်များတို့ ပါဝင်သော သင်ရိုးညွှန်းတမ်းတစ်ခု ဖြစ်ကြောင်း သေချာအောင် ဆောင်ရွက်ရန်။

c. ထိရောက်မှုရှိသော သင်္ချာဘာသာရပ် သင်ကြားပို့ချမှု နည်းစနစ်များ၊ သင်ကြားပို့ချနည်းများ နှင့် သက်ဆိုင်ရာ အကြောင်းအရာ ဗဟုသုတများအပေါ် အဓိကအာရုံစိုက်၍ ဆရာ၊ဆရာမများအတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်မှု အခွင့်အလမ်းများ စဉ်ဆက်မပြတ် ထောက်ပံ့ပေးသွားရန်။ ကျောင်းသားများ၏ အမျိုးမျိုးသော လိုအပ်ချက်များဖြင့် ပြည့်မီစေရန်အလို့ငှာ ပြဿနာဖြေရှင်းမှုနှင့် အယူအဆပိုင်းဆိုင်ရာ နားလည်သဘောပေါက်စေသည့် ချဉ်းကပ်မှုနည်းလမ်းများအကြောင်း ထရိန်နင်သင်တန်း ပေးအပ်သွားရန်။

2029 အတွက် စမတ် (SMART) ပန်းတိုင် -

- သင်္ချာဘာသာရပ် EOG ကျွမ်းကျင်မှုနှုန်းထားသည် 40% ဖြစ်လာမည် ဖြစ်သည်။
- သင်္ချာဘာသာရပ် EOC ကျွမ်းကျင်မှုနှုန်းထားသည် 37% ဖြစ်လာမည် ဖြစ်သည်။

**1.3 4 နှစ် နှင့် 5 နှစ် အုပ်စု ကျောင်းပြီးမြောက်အောင်မြင်မှုနှုန်းများ တိုးတက်လာစေရန်။**

a. အုပ်စုများအားလုံးတွင် တစ်သမတ်တည်း စံသတ်မှတ်ချက်နှင့်အညီဖြစ်သော စီမံလည်ပတ်မှု လုပ်ငန်းစဉ်များ (SOP များ) ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ နှင့် စောင့်ကြည့်စစ်ဆေးသွားရန်။

b. ကျောင်းသားများအတွက် နည်းပြညွှန်ကြားပေးခြင်း၊ လမ်းညွှန်ပြသပေးခြင်း၊ ပညာရေးဆိုင်ရာ ကြားဝင်ဆောင်ရွက်ပေးသည့် အတန်းများ၊ ခရစ်ဒစ် ပြန်လည်ရယူနိုင်မည့် အခွင့်အလမ်းများနှင့် ကျောင်းချိန်ပြီးနောက်ပိုင်း အစီအစဉ်များ အစရှိသည်တို့ကဲ့သော ပစ်မှတ်ထားဆောင်ရွက်သည့် ပညာရေးဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု အစီအစဉ် အမျိုးမျိုးကို ကမ်းလှမ်းထောက်ပံ့ပေးသွားရန်။

c. အခြားရွေးချယ်စရာ အခွင့်အလမ်းများကို ပေါင်းစပ်ထည့်သွင်းပေးခြင်းအားဖြင့် ကျောင်းပြီးမြောက်အောင်မြင်ဖို့ရန် လမ်းကြောင်း ရွေးချယ်စရာများ အရေအတွက် မြင့်မားလာစေဖို့ တိုးတက်ဆောင်ရွက်ပေးသွားရန်။

d. ဂရိတ်ကိုးတန်း အတန်းမြှင့်တင်မှုအတွက် သတ်မှတ်ချက်များနှင့်ပြည့်မီသော ကျောင်းသားများ အရေအတွက် တိုးမြင့်လာစေဖို့ငှာ မဟာနည်းဗျူဟာများ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

2029 အတွက် စမတ် (SMART) ပန်းတိုင် -

- ခရိုင်၏ 4-နှစ်တာ နှင့် 5-နှစ်တာ ကျောင်းပြီးမြောက်အောင်မြင်မှုနှုန်းထားသည် အနည်းဆုံး 10% တိုးတက်လာမည် ဖြစ်သည်။

**1.4 ကျောင်းသားများ အားလုံးသည် ပညာရေးအစီအစဉ်များနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ လမ်းကြောင်းများသို့ တန်းတူညီမျှစွာ ဝင်ရောက်ရယူခွင့်ရရှိကြောင်းနှင့် ပံ့ပိုးထောက်ပံ့မှုများ ရရှိကြောင်း သေချာအောင် ဆောင်ရွက်ရန်။**

a. ပညာရေးဝန်ထမ်းများသည် ပညာရေးလမ်းကြောင်း အကျိုးဆက်များ၊ သင်ရိုး စံသတ်မှတ်ချက်များနှင့် အကဲဖြတ်စစ်ဆေးမှု နမူနာအကြမ်းထည်များတို့ဖြင့် ရင်းနှီးကျွမ်းဝင်မှုရှိကြောင်း သေချာစေရန်ငှာ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်မှုအား အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

b. ပညာရေးလမ်းကြောင်း အစီအစဉ်များတွင် ကျောင်းသားများ၏ တိုးတက်မှုအခြေအနေအား စောင့်ကြည့်စစ်ဆေးသွားရန်၊ နှင့် ၎င်းလမ်းကြောင်းများအား ပြည့်မီဆောင်ရွက်ခြင်း မပြုနိုင်သော အခြေအနေနှင့် ရင်ဆိုင်ရလျက်ရှိသော ကျောင်းသားများအတွက် ပစ်မှတ်ထားသော ပံ့ပိုးမှုများ ထောက်ပံ့ပေးသွားရန်။

c. ကျောင်းသားများသည် ၎င်းတို့၏ လမ်းကြောင်းတစ်ခုချင်းစီအတွင်းမှ အစီအစဉ်များ၏ အကျိုးဆက်နှင့်အတူ အဆိုပါလမ်းကြောင်း ပြီးမြောက်ဖို့ရန်အတွက် လိုအပ်သော အကဲဖြတ်စစ်ဆေးမှုများအကြောင်း နားလည်သိရှိကြကြောင်း သေချာအောင်ဆောင်ရွက်ဖို့ရန်ငှာ ကျောင်းသားများအတွက် ပညာရေးလမ်းကြောင်း အခွင့်အလမ်းများဖြင့် စောစီးစွာ ထိတွေ့ မှုရှိစေဖို့ သေချာအောင် ဆောင်ရွက်သွားရန်။

d. ပညာရေးလမ်းကြောင်းဆိုင်ရာ ကမ်းလှမ်းချက်များ၊ လုပ်ငန်း အရည်အချင်းပြည့်မီမှုများ၊ နှင့် အလုပ်အပေါ်အခြေခံသည့် သင်ယူလေ့လာမှု အခွင့်အလမ်းများ အစရှိသည်တို့နှင့်ပတ်သက်၍ အလုံးစုံပါဝင်သော ကျောင်းသား လမ်းညွှန်ချက်တစ်ခုအား ကမ်းလှမ်းထောက်ပံ့ပေးသွားရန်။

2029 အတွက် စမတ် (SMART) ပန်းတိုင် -

- CCRPI လမ်းကြောင်း ပြီးမြောက်ဆောင်ရွက်မှုနှုန်းထားသည် 89% ဖြစ်လာမည် ဖြစ်သည်။

| လုပ်ဆောင်ချက်ပိုင်းဆိုင်ရာ ရည်မှန်းချက် နှင့် မဟာနည်းဗျူဟာများ | သော့ချက်ကျသော လုပ်ဆောင်ချက် ညွှန်းကိန်း (KPI) |
|---|---|
| **1.5 ကောလိပ်နှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ အသင့်ဖြစ်မှု ဆောင်ရွက်ချက် ညွှန်းကိန်း (CCRPI) ဖြင့် တိုင်းတာချက်အရ ကျောင်းသား ပညာရေး တိုးတက်ကြီးထွားမှုများ တိုးတက်လာစေရန်။**<br><br>a. ကျောင်းသားများ၏ ပညာရေးဆိုင်ရာ တိုးတက်မှုအခြေအနေအား စောင့်ကြည့်ဖို့ရန်အတွက် ခရိုင်တစ်ဝှမ်း ပုံစံချမှတ်ထားသော အကဲဖြတ်စစ်ဆေးမှုများအား ဆောင်ရွက်သွားရန်။<br>b. သင်ကြားပို့ချမှုများအား တိုးတက်လာအောင် ဆောင်ရွက်မှုပြုနိုင်မည့် ခေတ်ရေစီးကြောင်းများ၊ ပက်တန်ပုံစံများ နှင့် နယ်ပယ်ဧရိယာများတို့အား ဖော်ထုတ်ရန်အတွက်ဌာ အကဲဖြတ်စစ်ဆေးမှု ဒေတာများအား ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုပြုရန်။<br>c. သင်ကြားပို့ချမှုဆိုင်ရာ စီစဉ်ရေးဆွဲမှုများနှင့် ကျောင်းသား ထောက်ပံ့မှုဆိုင်ရာ နည်းဗျူဟာများအကြောင်း သိရှိစေရန်အလို့ငှာ ဆရာ၊ဆရာမများအတွက် ဒေတာ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုနှင့် အနက်ဖွင့်ဆိုမှုပြုလုပ်နိုင်ရန် ထရိန်နင်သင်တန်းများနှင့် ကိရိယာများ ထောက်ပံ့ပေးသွားရန်။<br>d. ကျောင်းတက်နေ့မတိုင်မီ၊ ကျောင်းတက်နေ့အတောအတွင်း နှင့် ကျောင်းတက်ရက်အပြီးတွင် ကျောင်းသားများအတွက် နည်းပြသင်ကြားမှုနှင့် ပညာရေး ပံ့ပိုးမှုများတို့ကို ထောက်ပံ့ပေးသွားရန်။ | **2029 အတွက် စမတ် (SMART) ပန်းတိုင် -**<br><br>• ကျောင်းသားများ၏ 75% သည် CCRPI ELA မူလတန်း တိုးတက်မှုအခြေအနေတွင် 40 စုမြောက် ရာခိုင်နှုန်း နှစ်စဉ် တိုးတက်မှုထက် သာလွန်၍ ပြည့်မီမှုရှိကြမည် ဖြစ်သည်။<br>• ကျောင်းသားများ၏ 74% သည် CCRPI ELA အလယ်တန်း တိုးတက်မှုအခြေအနေတွင် 40 စုမြောက် ရာခိုင်နှုန်း နှစ်စဉ် တိုးတက်မှုထက် သာလွန်၍ ပြည့်မီမှုရှိကြမည် ဖြစ်သည်။<br>• ကျောင်းသားများ၏ 66% သည် CCRPI ELA အထက်တန်း တိုးတက်မှုအခြေအနေတွင် 40 စုမြောက် ရာခိုင်နှုန်း နှစ်စဉ် တိုးတက်မှုထက် သာလွန်၍ ပြည့်မီမှုရှိကြမည် ဖြစ်သည်။<br>• ကျောင်းသားများ၏ 75% သည် CCRPI သင်္ချာဘာသာရပ် မူလတန်း တိုးတက်မှုအခြေအနေတွင် 40 စုမြောက် ရာခိုင်နှုန်း နှစ်စဉ် တိုးတက်မှုထက် သာလွန်၍ ပြည့်မီမှုရှိကြမည် ဖြစ်သည်။<br>• ကျောင်းသားများ၏ 70% သည် CCRPI သင်္ချာဘာသာရပ် အလယ်တန်း တိုးတက်မှုအခြေအနေတွင် 40 စုမြောက် ရာခိုင်နှုန်း နှစ်စဉ် တိုးတက်မှုထက် သာလွန်၍ ပြည့်မီမှုရှိကြမည် ဖြစ်သည်။<br>• ကျောင်းသားများ၏ 70% သည် CCRPI သင်္ချာဘာသာရပ် အထက်တန်း တိုးတက်မှုအခြေအနေတွင် 40 စုမြောက် ရာခိုင်နှုန်း နှစ်စဉ် တိုးတက်မှုထက် သာလွန်၍ ပြည့်မီမှုရှိကြမည် ဖြစ်သည်။ |
| **1.6 တီထွင်ဆန်းသစ်မှုရှိသော နည်းပညာအား အသုံးပြု၍ ဒီဂျစ်တယ် စာပေ ကျွမ်းကျင်မှုများတွင် ကျောင်းသားများ၏ ကျွမ်းကျင်တတ်မြောက်မှုအား မြှင့်တင်ဆောင်ရွက်သွားရန်။**<br><br>a. ဆရာ၊ဆရာမများအတွက် ပေါင်းစပ်ထားသော ဒီဂျစ်တယ် ကိရိယာများနှင့် နည်းပညာများနှင့်ပတ်သက်ပြီး ထရိန်နင်သင်တန်းနှင့် ပံ့ပိုးမှုများ ထောက်ပံ့ပေးခြင်းအားဖြင့် ၎င်းတို့၏ သင်ခန်းစာများအတွင်းတွင် ကျောင်းသားများမှ နည်းပညာများကို ထိရောက်စွာ ထည့်သွင်းအသုံးချနိုင်မည့် အခွင့်အလမ်းများကို တိုးမြှင့်ဆောင်ရွက်ပေးသွားရန်။<br>b. အသိဉာဏ်တု၊ ဆိုက်ဘာလုံခြုံရေးနှင့် ဒီဂျစ်တယ်နိုင်ငံသား အစရှိသည့် အကြောင်းအရာများ အပါအဝင် တာဝန်ယူမှုရှိသော နည်းပညာ အလေ့အကျင့်များဖြင့် ကျောင်းသားများ ထိတွေ့ မှုရှိစေဖို့ တိုးမြှင့်ဆောင်ရွက်သွားရန်။<br>c. အသိဉာဏ်တု၊ ကြီးကျယ်စွာဖန်တီးထားသော အစစ်အမှန် နှင့် ဗာကျူရယ် အစစ်အမှန် အစရှိသည်တို့ကဲ့သော လက်တွေ့ကမ္ဘာမှ နည်းပညာများအား ထည့်သွင်းအသုံးပြု၍ ကျောင်းသားများ၏ သင်ယူလေ့လာမှုကို ချဲ့ထွင်ဆောင်ရွက်ပေးသွားရန်။<br>d. လက်တွေ့ စူးစမ်းလေ့လာမှုများနှင့် လမ်းညွှန်နည်းပြပေးသည့် အစီအစဉ်များ အစရှိသည်တို့ကဲ့သော ကနဦးရှေ့ဆောင်အစီအစဉ်များမှတစ်ဆင့် နည်းပညာအကြောင်း ကျောင်းသားများ စူးစမ်းလေ့လာ၊ သင်ယူနိုင်စေဖို့ရန်ဌာ အခွင့်အလမ်းများ ဖန်တီးပေးသွားရန်။ | **2029 အတွက် စမတ် (SMART) ပန်းတိုင် -**<br><br>• ဆရာ၊ဆရာမများ အားလုံး၏ 95% သည် ခရိုင်တစ်ဝှမ်း နည်းပညာ ပေါင်းစပ်ထည့်သွင်းမှု ဆောင်ရွက်ချက်ဆိုင်ရာ ရည်မှန်းချက်များ (IGNITE U TIC များ) ကို ပြီးမြောက်ဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။<br>• ကျောင်းသားများ အားလုံး၏ 90% သည် ခရိုင်တစ်ဝှမ်း ကျောင်းသားဆိုင်ရာ ဒီဂျစ်တယ်စာပေ မော်ဂျူး (Digital Dreamer Hub) အား ပြီးမြောက်ဆောင်ရွက်နိုင်ကြမည် ဖြစ်သည်။ |




## ပန်းတိုင် ဧရိယာ 2

# စာသင်ကျောင်း၊ မိသားစု နှင့် ရပ်ရွာအဖွဲ့အစည်း ညှိနှိုင်းပါဝင်ဆောင်ရွက်မှု

| လုပ်ဆောင်ချက်ပိုင်းဆိုင်ရာ ရည်မှန်းချက် နှင့် မဟာနည်းဗျူဟာများ | သော့ချက်ကျသော လုပ်ဆောင်ချက် ညွှန်းကိန်း (KPI) |
|---|---|
| **2.1 ပါဝင်သက်ဆိုင်သူများ၏ နှစ်သက်အလိုဆန္ဒရှိရာများ ပြည့်မီစေဖို့အလို့ငှာ အသေးစိတ်တိုင်းတာစီမံဆောင်ရွက်ထားသည့် ရှင်းလင်းမြင်သာမှုရှိကာ အလွယ်တကူဝင်ရောက်ရယူနိုင်သော သက်ဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုအား ထုတ်ပြန်သွားဖို့ငှာ မိသားစု၊ စာသင်ကျောင်း နှင့် ရပ်ရွာအဖွဲ့အစည်း ညှိနှိုင်းပါဝင်ဆောင်ရွက်မှုအား အားဖြည့်တင်းရန်။**<br>a. ခရိုင်၏ ကနဦးအစပြုဆောင်ရွက်မှုများအတွက် အရင်းအမြစ်များနှင့် ပံ့ပိုးထောက်ပံ့မှုများအား ဝင်ရောက်ရယူနိုင်ဖို့ငှာ ရပ်ရွာအဖွဲ့အစည်းများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်မှုများ ထုတ်ပြန်သွားရန်။<br>b. ရပ်ရွာအဖွဲ့အစည်း ပူးပေါင်းပါဝင်ဆောင်ရွက်မှုအား တိုက်တွန်းအားပေး၍ ပါဝင်သက်ဆိုင်သူများအကြား ချိတ်ဆက်မှုများကို တည်ဆောက်ပေးသော လှုပ်ရှားဆောင်ရွက်မှုများကို စုစည်းဆောင်ရွက်ပေးသွားရန်။<br>c. တုံ့ပြန်မှတ်ချက်များ စုဆောင်းရန်အတွက် အထွေထွေ မေးခွန်းများ ထည့်သွင်းထားပြီး၊ ညှိနှိုင်းပါဝင်ဆောင်ရွက်မှုဆိုင်ရာ အားထုတ်မှုများ၏ ထိရောက်မှုများကို အကဲဖြတ်သုံးသပ်ပေးသော ThoughtExchange ကို ချဲ့ထွင်ဆောင်ရွက်သွားရန်။ | **2029 အတွက် စမတ် (SMART) ပန်းတိုင် -**<br>• ခရိုင်၏ ThoughtExchange (အတွေးဖလှယ်မှု) စစ်တမ်းများသို့ တုံ့ပြန်ဖြေဆိုမှုနှုန်းထားများသည် 20% အထိ မြင့်တက်လာမည် ဖြစ်သည်။ |
| **2.2 ခရိုင်တစ်ဝှမ်း ကနဦးအစပြုဆောင်ရွက်မှုများအား ပံ့ပိုးထောက်ပံ့ပေးသည့် ပူးပေါင်းဆောင်ရွက်မှုများအား ပျိုးထောင်ဖို့အလို့ငှာ  ခရိုင်၊ မိသားစုများ၊ ရပ်ရွာအဖွဲ့အစည်း လက်တွဲဖော်များ နှင့် စီးပွားရေးလုပ်ငန်းများတို့အကြား ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများအား ဖန်တီးသွားရန်။**<br>a. ခရိုင်တစ်ဝှမ်း ကနဦးအစပြုဆောင်ရွက်မှုများနှင့် စိန်ခေါ်မှုအခက်အခဲများတို့အား ဖြေရှင်းရန်အလို့ငှာ အကြံပေးကောင်စီများနှင့် အခြားသော ပူးပေါင်းလက်တွဲဆောင်ရွက်မှုများ တိုးမြှင့် ဆောင်ရွက်သွားရန်။<br>b. ရပ်ရွာအဖွဲ့အစည်းများနှင့်အတူ လက်တွဲလုပ်ဆောင်မှုများအား သေချာမှုရှိစေဖို့ငှာ စာသင်ကျောင်းများအား ပံ့ပိုးထောက်ပံ့ပေးသွားရန်။<br>c. ပါဝင်သက်ဆိုင်သူများနှင့် ရပ်ရွာအဖွဲ့အစည်းအကြား ဆက်သွယ်ဆောင်ရွက်မှုနှင့် ပူးပေါင်းမှုများတို့ကို လွယ်ကူချောမွေ့စေရန်အတွက်ငှာ အွန်လိုင်း ညှိနှိုင်းဆောင်ရွက်မှု ပလက်ဖောင်းများအား အသုံးပြုသွားရန်။ | **2029 အတွက် စမတ် (SMART) ပန်းတိုင် -**<br>• DCSD သည် ရပ်ရွာအဖွဲ့အစည်း လက်တွဲဖော်ပါတနာများကို 30% အထိ တိုးမြှင့်သွားမည် ဖြစ်သည်။ |

| လုပ်ဆောင်ချက်ပိုင်းဆိုင်ရာ ရည်မှန်းချက် နှင့် မဟာနည်းဗျူဟာများ | သော့ချက်ကျသော လုပ်ဆောင်ချက် ညွှန်းကိန်း (KPI) |
|---|---|
| **2.3 ရှင်းလင်းမြင်သာမှုရှိ၍ အချိန်မှန်ပေးပို့သော သက်ဆိုင်ရာ သတင်းအချက်အလက်များ စီးဆင်းမှုရှိကြောင်း သေချာစေရန်အလို့ငှာ ပါဝင်သက်ဆိုင်သူများအတွက် ဆက်သွယ်ဆောင်ရွက်မှု လုပ်ငန်းစဉ်များအား တိုးမြှင့်ဆောင်ရွက်သွားရန်။**<br>a. ခရိုင်တစ်ဝှမ်း အသုံးပြုသည့် အမျိုးမျိုးသော ဆက်သွယ်ဆောင်ရွက်မှု လမ်းကြောင်းများ (ဥပမာ - ဝက်ဘ်ဆိုဒ်၊ လူမှုမီဒီယာ၊ အီးမေးလ်၊ သတင်းစာစောင်များ) ကို ဖော်ထုတ်သတ်မှတ်၍ လူထုထံ အသိပေးရန်။<br>b. ခရိုင်တစ်ဝှမ်း ဆက်သွယ်ဆောင်ရွက်မှုများအတွက်ငှာ စံသတ်မှတ်ထားသော စီမံလည်ပတ်မှု လုပ်ငန်းစဉ်များ (SOP များ) ကို စီမံရေးဆွဲ၊ မျှဝေသွားရန်။<br>c. ခရိုင်၏ ဆက်သွယ်ဆောင်ရွက်မှုပိုင်းဆိုင်ရာ အားထုတ်မှုများ၏ ထိရောက်အစွမ်းထက်မှုအား သုံးသပ်စစ်ဆေးမှုပြုရန်နှင့် ပါဝင်သက်ဆိုင်သူများထံမှ တုံ့ပြန်မှတ်ချက်များ စုဆောင်သွားဖို့ရန်ငှာ ThoughtExchange အား သုံးလတစ်ကြိမ် စီမံဆောင်ရွက်သွားရန်။<br>d. ခရိုင်အတွင်း ဆက်သွယ်ဆောင်ရွက်မှုများ တိုးတက်စေဖို့ လုပ်ဆောင်ရန် လိုအပ်သေးသည့် ဧရိယာများကို ဖော်ထုတ်ဖို့ရန်ငှာ ဆက်သွယ်မှုဆိုင်ရာ စာရင်းစစ်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။ | **2029 အတွက် စမတ် (SMART) ပန်းတိုင် -**<br>• DCSD သည် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ စာရင်းစစ်ထံမှ ရရှိသော ရလဒ်များအပေါ် အခြေခံပြီး ဆက်သွယ်ဆောင်ရွက်မှုများကို 10% အထိ တိုးတက်ဆောင်ရွက်သွားမည် ဖြစ်သည်။ |
| **2.4 ဘာသာစကားမျိုးစုံသော မိသားစုများနှင့်အတူ ထိရောက်စွာ ညှိနှိုင်းပါဝင်ဆောင်ရွက်မှု ပြုလုပ်နိုင်စေရန် နှင့် ခရိုင်နှင့် စာသင်ကျောင်း သတင်းအချက်အလက်များသို့ တန်းတူညီမျှစွာ ဝင်ရောက်ရယူနိုင်ခွင့်အား ထောက်ပံ့ပေးသွားရန် အစရှိသည်တို့အတွက်ငှာ ရှင်းလင်းမြင်သာသော ဆက်သွယ်ဆောင်ရွက်မှု လမ်းကြောင်းများအား ထုတ်ပြန်သွားရန်။**<br>a. ဗဟကျူရယ်နှင့် လူကိုယ်တိုင်တက်ရောက်သော ပွဲအစီအစဉ်များအတွက် စကားပြန်များအား ထောက်ပံ့ပေးသွားရန်။<br>b. စံသတ်မှတ်ထားသော စာရွက်စာတမ်းများ အားလုံးကို အသုံးများသော ဘာသာစကားများသို့ ဘာသာပြန်ဆိုပေးရန်။<br>c. အထွေထွေ ဘာသာစကား ဘာသာပြန်ဆိုမှုများတွင် အထောက်အကူဖြစ်စေရန်ငှာ အသုံးပြုသူနှင့် ရင်းနှီးကျွမ်းဝင်မှုရှိသော ပလက်ဖောင်းများကို ဖော်ထုတ်သတ်မှတ်သွားရန်။<br>d. အထွေထွေ ဘာသာစကား ပြောဆိုသော မိသားစုများဖြင့် ညှိနှိုင်းဆောင်ရွက်မှုသည် ထိရောက်မှု ရှိ၊မရှိ အကဲဖြတ်သုံးသပ်ရန်အတွက်ငှာ ပါဝင်သက်ဆိုင်သူများနှင့် ရပ်ရွာအဖွဲ့အစည်းများထံ စစ်တမ်းကောက်ယူမှုများ ပြုလုပ်ရန်။ | **2029 အတွက် စမတ် (SMART) ပန်းတိုင် -**<br>• DCSD သည် ဆက်သွယ်ဆောင်ရွက်မှု လမ်းကြောင်းများနှင့် အထွေထွေ ဘာသာစကား ပြောဆိုသော မိသားစုများအား ပံ့ပိုးထောက်ပံ့ပေးသည့် အစီအစဉ်များကို 10% အထိ တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်သည်။ |





## ပန်းတိုင် ဧရိယာ 3

# အရည်အချင်းရှိသူများအား ခန့်အပ်ခြင်း၊ ပျိုးထောင်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းထားခြင်း

### လုပ်ဆောင်ချက်ပိုင်းဆိုင်ရာ ရည်မှန်းချက် နှင့် မဟာနည်းဗျူဟာများ

**3.1 ကမ္ဘာ့အဆင့်မီ တီထွင်ဆန်းသစ်မှုရှိသော အရည်အချင်းရှိသူများအား ရောင်ပြန်ထင်ဟပ်မှုရှိသည့် မတူကွဲပြားစုံလင်၍ မြင့်မားစွာ အရည်အချင်းပြည့်မီသော လုပ်အားထုတစ်ခုအား ငှားရမ်း၊ ခန့်အပ်သွားရန်။**

a. အရည်အချင်းပြည့်မီသော လျှာထားသူများ စာရင်းအား သေချာစေရန်ဌာ အလုံးစုံဘက်စုံသော အလုပ်ခန့်အပ်မှု အစီအစဉ်တစ်ခုအား အကောင်အထည်ဖော် ဆောင်ရွက်ရန်။ ၎င်းအစီအစဉ်သည် ပစ်မှတ်ထားသော ပရိသတ်များအား ဖော်ထုတ်ပေး၍ အမျိုးမျိုးသော အလုပ်ခန့်အပ်မှု လမ်းကြောင်းများကို အသုံးပြုကာ အလုပ်လျှောက်လွှာ လုပ်ငန်းစဉ်အား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသင့်ပေသည်။

b. လူမှုမီဒီယာ ပလက်ဖောင်းများ အားလုံးမှတစ်ဆင့် စျေးကွက်မြှင့်တင်၊ ဆက်သွယ်ဆောင်ရွက်ခြင်းအားဖြင့် အလုပ်ခန့်အပ်မှု ပိုက်လိုင်းများတွင် ရင်းနှီးမြှုပ်နှံမှုအား တိုးမြှင့်သွားရန်။

c. ရိုးရာအစဉ်အလာနှင့် ရိုးရာအစဉ်အလာမဟုတ်သော တက္ကသိုလ်များနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်မှုများအား အားဖြည့်တင်းရန်။

d. အပြိုင်အဆိုင်ဖြစ်သော လျော်ကြေးပေးချေမှုဆိုင်ရာ ဖွဲ့စည်းမှုနှင့် ဝန်ထမ်း မက်ကြေးပေးမှု အစီအစဉ်တစ်ခုအား ကမ်းလှမ်းထောက်ပံ့ပေးသွားရန်။

e. IGNITE Residency (အရပ်သားနေထိုင်မှု) အစီအစဉ်မှတစ်ဆင့် သင်ကြားရေးပိုင်း လုပ်သားအင်အားထု၏ မတူကွဲပြားစုံလင်မှု၊ တည်ငြိမ်မှု နှင့် အရည်အသွေးများတို့ကို တိုးမြှင့်ဆောင်ရွက်သွားရန်။

f. ကျောင်းသားများ၏ ပညာရေး အောင်မြင်မှုကို ပံ့ပိုးပေးရန်အလို့ငှာ ဘာသာစကား နှစ်မျိုးပြောကြားသော ဝန်ထမ်းအဖွဲ့ဝင်များ၏ အရေအတွက်အား တိုးမြှင့်သွားရန်။

g. ခရိုင်သို့ ပြန်လာရန် ကတိကဝတ်ပြုထားပြီး၊ ပညာရေးပိုင်းတွင် သက်မွေးဝမ်းကျောင်း အလုပ်လုပ်ကိုင်ဖို့ရန် ရည်စူးလျက်ရှိသော အထက်တန်းကျောင်းသားများ သို့မဟုတ် မကြာသေးခင် ကျောင်းပြီးမြောက်ထားသူများအတွက် ပညာသင်ဆု တစ်ရာအား ချီးမြှင့်သွားရန်။

h. လိုင်စင်ရမဟုတ်သည့် ကျွမ်းကျင်အလုပ်သမားများ၊ သင်ကြားရေးပိုင်းနှင့် သူနာပြုစောင့်ရှောက်မှုအပိုင်း အစရှိသည်တို့ကဲ့သို့သော ဝန်ထမ်းလိုအပ်ချက်မြင့်မားသည့် ခရိုင် သက်မွေးဝမ်းကျောင်း အလုပ်အကိုင်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်စေဖို့အလို့ငှာ ကျောင်းသားများအတွက် သက်မွေးဝမ်းကျောင်းဆိုင်ရာ လမ်းကြောင်းများအား ရေးဆွဲလမ်းပြပေးသွားရန်။

### သော့ချက်ကျသော လုပ်ဆောင်ချက် ညွှန်းကိန်း (KPI)

2029 အတွက် စမတ် (SMART) ပန်းတိုင် -

- အသိအမှတ်ပြုထားသော ရာထူးနေရာများအား ဖြည့်စွက်မှု နှုန်းထားသည် စက်တင်ဘာလ 1 ရက်နေ့အမီ 99% တွင် ရှိနေရမည် ဖြစ်သည်။
- အမျိုးအစားခွဲခြားထားသော ရာထူးနေရာများအား ဖြည့်စွက်မှု နှုန်းထားသည် စက်တင်ဘာလ 1 ရက်နေ့အမီ 90% တွင် ရှိနေရမည် ဖြစ်သည်။

| လုပ်ဆောင်ချက်ပိုင်းဆိုင်ရာ ရည်မှန်းချက် နှင့် မဟာနည်းဗျူဟာများ | သော့ချက်ကျသော လုပ်ဆောင်ချက် ညွှန်းကိန်း (KPI) |
|---|---|

**3.2 အရည်အသွေးကောင်းမွန်သော သင်ကြားပို့ချမှု နှင့် သင်ယူလေ့လာမှု အထွက်ရလဒ်များ၊ တီထွင်ဆန်းသစ်မှုရှိသော လုပ်အားထု နှင့် ရှုပါရုံမျှော်မှန်းချက်များ မြင့်မားသော ခေါင်းဆောင်များ အစရှိသည်တို့အား သေချာစေရန်အလို့ငှာ စွမ်းဆောင်ရည်မြင့်မားသည့် ဝန်ထမ်းများအား ပျိုးထောင်သွားရန်။**

a. အရည်အချင်းအပေါ် အခြေခံ၍ စည်းကမ်းတင်းကြပ်ကာ ဒေတာအချက်အလက်များဖြင့် မောင်းနှင်သော ပရော်ဖက်ရှင်နယ်လုပ်ငန်း တိုးတက်ကျွမ်းကျင်မှုအတွက်ငှာ အဆင့်ဆင့်သော စနစ်တစ်ခုအား အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

b. အသစ်သော ဆရာ၊ဆရာမများ၊ ခေါင်းဆောင်များနှင့် လိုင်စင်ရမဟုတ်သည့် ကျွမ်းကျင်ဝန်ထမ်းများတို့အတွက် တစ်ဦးချင်းအလိုက်စီမံထားသော မိတ်ဆက်တင်ဆက်မှု၊ အလုပ်သစ်မိတ်ဆက်မှုနှင့် နည်းပြ ပံ့ပိုးထောက်ပံ့မှုများတို့ကို ထောက်ပံ့ပေးသည့် ကွဲပြားစွာ စီမံထားသော အလုပ်သင် အစီအစဉ်များကို ကမ်းလှမ်းထောက်ပံ့ပေးသွားရန်။

c. အွန်လိုင်းသင်တန်းများ၊ လုပ်ဖော်ကိုင်ဖက် သင်ယူလေ့လာမှု အုပ်စုအဖွဲ့များ၊ သင်ယူလေ့လာမှု မော်ဂျူးများ နှင့် ညနေခင်း/ပိတ်ရက် အလုပ်ရုံဆွေးနွေးပွဲများ အစရှိသည်တို့အပါအဝင် ကွဲပြားသော ဝန်ထမ်း အချိန်စာရင်းများနှင့် ၎င်းတို့ နှစ်သက်ရာများ အလိုက် မိမိတို့ကိုယ်ပိုင်နှုန်းထားဖြင့် သင်ယူလေ့လာမှု ပြုလုပ်နိုင်စေရန် ရွေးချယ်စရာ အမျိုးမျိုးအား စီမံရေးဆွဲပေးသွားရန်။

d. လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ဖွံ့ ဖြိုးတိုးတက်မှု အစီအစဉ်များအား အကဲဖြတ်သုံးသပ်ရန်၊ ပါဝင်သူများ၏ စိတ်ကျေနပ်နှစ်သက်မှုအား တိုင်းတာရန် နှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု၏ ထိရောက်မှုအား တိုင်းတာရန် အစရှိသည်တို့အတွက်ငှာ ပိုမိုခိုင်မာသော လုပ်ငန်းစဉ်တစ်ခုအား စီမံရေးဆွဲသွားရန်။

e. အသစ်ငှားရမ်းခန့်အပ်ထားသော ခေါင်းဆောင်များ အားလုံးသည် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းနှင့် စွမ်းဆောင်ချက် စီမံခန့်ခွဲမှု အလေ့အကျင့်များတို့နှင့်ပတ်သက်၍ မဖြစ်မနေတက်ရောက်ရန်လိုအပ်သော ထရိန်နင်သင်တန်းအား လက်ခံရရှိမှုရှိကြောင်း သေချာအောင် ဆောင်ရွက်ရန်။

**2029 အတွက် စမတ် (SMART) ပန်းတိုင် -**

- DCSD သည် TKES ၊ LKES နှင့် DKES အကဲဖြတ်သုံးသပ်မှု ကိရိယာများတွင် ဝန်ထမ်းများ၏ ရမှတ် စံနမူနာ ရာခိုင်နှုန်းအား 20% အထိ တိုးမြှင့်သွားမည် ဖြစ်သည်။

**3.3 အစိတ်အပိုင်းတစ်ခုချင်းအလိုက် ခရိုင် အစီအစဉ်များနှင့် ဝန်ဆောင်မှုများတို့၏ ရေရှည်ခံဆောင်နိုင်စွမ်းနှင့် ထိရောက်အစွမ်းထက်မှုတို့အား သေချာစေရန်အလို့ငှာ အရေးကြီးသော လိုအပ်ချက်များရှိသည့် ရာထူးနေရာများမှ မြင့်မားစွာ ထိရောက်စွမ်းဆောင်နိုင်သော ဝန်ထမ်းများအား ထိန်းသိမ်းထားနိုင်ရန်။**

a. အလုံးစုံထောင့်စေ့သော ဝန်ထမ်း ထိန်းသိမ်းထားနိုင်ရေး အစီအစဉ်တစ်ခုအား အကောင်အထည်ဖော် ဆောင်ရွက်ရန်။

b. ဝန်ထမ်းများ၏ အတွေ့အကြုံအား အကဲဖြတ်သုံးသပ်၊ ဂုဏ်ပြု၍ အသိအမှတ်ပြုသော အစီအစဉ်များအား စီစဉ်ရေးဆွဲ၊ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

c. ဝန်ထမ်းများအတွက် တုံ့ပြန်သက်ဝင်မှုရှိသော ကျန်းမာရေးနှင့် ဖူလုံပြည့်စုံရေးဆိုင်ရာ အစီအစဉ်တစ်ခုအား စီစဉ်ရေးဆွဲ၊ ပျိုးထောင်သွားရန်။

d. ဝန်ထမ်းများ အားလုံးအတွက် စိတ်ကျန်းမာရေးနှင့် အကြံပေးတိုင်ပင်ဆွေးနွေးမှု ဝန်ဆောင်မှုများအား အမည်မဖော်၊ လျှို့ ဝှက်စောင့်ထိန်း၍ ဝင်ရောက်ရယူနိုင်မှုကို တိုးမြှင့်သွားရန်။

e. စာသင်ကျောင်း ဥတုအခြေအနေ၊ ယဉ်ကျေးမှု နှင့် ခရိုင်အတွင်း အလုပ်အကိုင်အပေါ် စိတ်ကျေနပ်မှု အစရှိသည်တို့နှင့်ပတ်သက်၍ ဝန်ထမ်းများ၏ ထင်မြင်ချက်များအား သုံးသပ်ဆုံးဖြတ်နိုင်ရန်ငှာ နှစ်စဉ် ဝန်ထမ်းစစ်တမ်းများအား ဆောင်ရွက်သွားရန်။

f. ဝန်ထမ်း ထိန်းသိမ်းထားနိုင်ရေး နည်းဗျူဟာများအား အသိပေး၊ စီမံရေးဆွဲသွားရန်၊ တိုးတက်ဆောင်ရွက်ရန် လိုအပ်သော ဧရိယာများအား ဖော်ထုတ်ရန်နှင့် အလုပ်အကိုင်အပေါ် စိတ်ကျေနပ်မှုအား သက်ရောက်မှုရှိသည့် စနစ်များကို တိုးမြှင့်သွားရန် အစရှိသည်တို့အတွက်ငှာ အလုပ်ထွက်ခွာမှု စစ်တမ်း ဒေတာအချက်အလက်များအား အသုံးပြုရန်။

**2029 အတွက် စမတ် (SMART) ပန်းတိုင် -**

- DCSD သည် ဆရာ၊ဆရာမ ထိန်းသိမ်းထားနိုင်မှုနှုန်းကို 97% အထိ တိုးမြှင့်သွားမည် ဖြစ်သည်။
- DCSD သည် လိုင်စင်ရမဟုတ်သော ကျွမ်းကျင်ဝန်ထမ်းများ၊ SRO ၊ သူနာပြု နှင့် ဘတ်စ်ကားမောင်းသမား အစရှိသော ဝန်ထမ်း ထိန်းသိမ်းထားနိုင်မှုနှုန်းများကို 90% အထိ တိုးမြှင့်သွားမည် ဖြစ်သည်။

**3.4 မရှိမဖြစ်လိုအပ်သော အစီအစဉ်များနှင့် ဝန်ဆောင်မှုများတို့၏ ရေရှည် အောင်မြင်စွာရပ်တည်နိုင်စွမ်းအား သေချာစေရန်အလို့ငှာ သော့ချက်ကျသော ဝန်ထမ်း ရာထူးနေရာများတွင် လစ်လပ် ဝန်ထမ်းနေရာအား အဆင်သင့်ဖြည့်သွင်းနိုင်ရန် လမ်းကြောင်းအစီအစဉ်များ ရေးဆွဲထားရန်။**

a. အထူးပြုထားသော လိုအပ်ချက် ဧရိယာများအတွင်း ကျွမ်းကျင်မှုများ သို့မဟုတ် အသိအမှတ်ပြုလက်မှတ်ရရှိမှုများ တိုးတက်လာစေရန်အတွက်ငှာ ဝန်ထမ်းများအတွက် ရှင်းလင်းသော ရာထူးတိုးမှုဆိုင်ရာ လမ်းကြောင်းများကို ထုတ်ပြန်ပေးထားရန်။

b. အနာဂါတ် စီမံအုပ်ချုပ်သူများအတွက် ခိုင်မာသော လမ်းကြောင်းတစ်ခုအား ပျိုးထောင်ပေးရန်အလို့ငှာ နေထိုင်မှုဆိုင်ရာ အစီအစဉ်များကို ဖွံ့ ဖြိုးစီစဉ်ရေးဆွဲသွားရန်။

c. ကျောင်းသားများ၏ လိုအပ်ချက်များအား ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်ရန်အတွက်ငှာ ထောက်ခံအတည်ပြုမှု အစီအစဉ်များကို ချဲ့ထွင်ဆောင်ရွက်ပေးသွားရန်။

d. အရည်အသွေးမြင့်မားသော လက်ရှိနှင့် အနာဂါတ် ဝန်ထမ်းများအတွက် ၎င်းတို့၏ သက်မွေးဝမ်းကျောင်းဆိုင်ရာ ရည်မှန်းချက်များနှင့်အညီ ၎င်းတို့၏ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်ယူလေ့လာမှုများကို ဒီဇိုင်းရေးဆွဲရန်ငှာ ၎င်းတို့အား အားသစ်လောင်း ခွန်အားပေးရန်။

**2029 အတွက် စမတ် (SMART) ပန်းတိုင် -**

- ခရိုင်သည် ဝန်ထမ်းများအတွက်ငှာ သက်မွေးဝမ်းကျောင်းဆိုင်ရာ လမ်းကြောင်း အစီအစဉ် 8 ခုအား စီစဉ်ရေးဆွဲပေးသွားမည် ဖြစ်သည်။



## ပန်းတိုင် ဧရိယာ 4

# ယဉ်ကျေးမှုနှင့် ဥတုပတ်ဝန်းကျင်အခြေအနေ

| လုပ်ဆောင်ချက်ပိုင်းဆိုင်ရာ ရည်မှန်းချက် နှင့် မဟာနည်းဗျူဟာများ | သော့ချက်ကျသော လုပ်ဆောင်ချက် ညွှန်းကိန်း (KPI) |
|---|---|
| **4.1 စာသင်ကျောင်းများ အားလုံးသည် ကျောင်းသားများနှင့် ဝန်ထမ်းများ အားလုံးအတွက် အန္တရာယ်ကင်းလုံခြုံ၍ အစီအစဉ်တကျရှိကာ ပံ့ပိုးထောက်ပံ့မှုရှိသော သင်ယူလေ့လာမှု ပတ်ဝန်းကျင်တစ်ခုအား ထောက်ပံ့ပေးကြောင်း သေချာအောင် ဆောင်ရွက်ရန်။**<br><br>a. တစ်သမတ်တည်းရှိသော စည်းကမ်းထိန်းသိမ်းရေးပိုင်းဆိုင်ရာ အလေ့အကျင့်များအား ပံ့ပိုးထောက်ပံ့နိုင်ရန်အလို့ငှာ ကျောင်းအဆင့် ထရိန်နင်သင်တန်းအား ထောက်ပံ့ပေးရန်။<br>b. အရေးပေါ်အန္တရာယ်အခြေအနေ ကာကွယ်ရန် ကြားဝင်ဆောင်ရွက်မှု (CPI) နှင့် စိတ်နေစိတ်ထားဆိုင်ရာ ထရိန်နင်သင်တန်းအား အသုံးပြုခြင်းဖြင့် ဖြန်ဖြေကိုင်တွယ်မှု အလေ့အကျင့်များနှင့်ပတ်သက်သည့် ကျောင်းအဆင့် ထရိန်နင်သင်တန်းအား ထောက်ပံ့ပေးသွားရန်။<br>c. ခရိုင်တစ်ဝှမ်း ပြန်လည်ပြုပြင်ထိန်းသိမ်းမှု အလေ့အကျင့်များအား အကောင်အထည်ဖော်ဆောင်ရွက်ရန်ငှာ ကျောင်းအဆင့် ထရိန်နင်သင်တန်းအား ထောက်ပံ့ပေးသွားရန်။<br>d. ပြန်လည်ပြုပြင်ထိန်းသိမ်းမှု အလေ့အကျင့်များနှင့်ပတ်သက်၍ ခရိုင်တစ်ဝှမ်း ဝန်ထမ်းများအတွက် "ထရိန်နင်သင်တန်းပေးသူတစ်ဦးဖြစ်စေဖို့ ထရိန်နင်သင်တန်းပေးခြင်း" မော်ဒယ်တစ်ခုအား အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။<br>e. အသစ်သော ကျောင်းအုပ်စုများအတွက် အဆင့် 1 PBIS အကောင်အထည်ဖော်ဆောင်ရွက်မှု ထရိန်နင်သင်တန်းနှင့် ကျောင်းခေါင်းဆောင်ပိုင်းအတွက် PBIS ခြုံငုံသုံးသပ်ချက် စိတ်ဝင်စားမှုဆိုင်ရာ စက်ရှင်များအား ထောက်ပံ့ပေးသွားရန်။ | **2029 အတွက် စမတ် (SMART) ပန်းတိုင် -**<br><br>• GADOE စာသင်ကျောင်း လုံခြုံရေးဆိုင်ရာ အစီရင်ခံချက်မှ အစီရင်ခံမှုအရ DCSD သည် အနိုင်ကျင့်မှုနှင့် အကြီးစား စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဖြစ်ရပ်များတို့ကို 10% အထိ လျှော့ချနိုင်ကြောင်း ပြသမည် ဖြစ်သည်။<br>• DCSD စာသင်ကျောင်းများ၏ 71% သည် ကောလိပ်နှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ အသင့်ဖြစ်မှု လုပ်ဆောင်ချက် ညွှန်းကိန်း (CCRPI) ၏ စာသင်ကျောင်း ဥတုအခြေအနေ ကြယ်ပွင့်ပြ အဆင့်သတ်မှတ်ချက်ပေါ်တွင် ကြယ် 4 လုံး သို့မဟုတ် ၎င်းအထက်အား လက်ခံရရှိလာမည် ဖြစ်သည်။ |
| **4.2 စာသင်ကျောင်းများ အားလုံးတွင် ပြန်လည်ပြုပြင်ထိန်းသိမ်းမှု အလေ့အကျင့် ဖွဲ့စည်းမှုများအား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ နှင့် အပြုသဘောဆောင်သော အမူအကျင့်ပိုင်းဆိုင်ရာ ကြားဝင်ဆောင်ရွက်မှုများနှင့် ပံ့ပိုးထောက်ပံ့မှု (PBIS) အစီအစဉ်များ အသုံးပြုသည့် စာသင်ကျောင်း အရေအတွက် နှစ်စဉ် တိုးပွားလာမှုရှိစေဖို့ ဆောင်ရွက်သွားရန်။**<br><br>a. မိသားစုနှင့် ရပ်ရွာအဖွဲ့အစည်း ညှိနှိုင်းပါဝင်ဆောင်ရွက်မှု (FACE) ဆိုင်ရာ အကြံပေးထောက်ခံသူများနှင့် အမူအကျင့်ပိုင်းဆိုင်ရာ ပံ့ပိုးမှု ကျွမ်းကျင်ပညာရှင်များ အစရှိသည်တို့ထံသို့ ပြန်လည်ပြုပြင်ထိန်းသိမ်းမှု အလေ့အကျင့် စက်ဝန်းများအကြောင်း ထရိန်နင်သင်တန်း ထောက်ပံ့ပေးရန်။<br>b. အပြုသဘောဆောင်သော အမူအကျင့်ပိုင်းဆိုင်ရာ မျှော်မှန်းချက်များကို မြှင့်တင်ရန်၊ နှင့် အလိုရှိသော အမူအကျင့်အတွက် အားဖြည့်တိုက်တွန်းမှုများ ထောက်ပံ့ပေးရန် အစရှိသည်တို့အတွက်ငှာ PBIS အစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်သည့် စာသင်ကျောင်း အရေအတွက် မြင့်တက်လာစေဖို့ ဆောင်ရွက်သွားရန်။<br>c. တိုးတက်ဆောင်ရွက်မှုပြုလုပ်ဖို့ရန် လိုအပ်သော ဧရိယာများအား ဖော်ထုတ်ရန်နှင့် ပစ်မှတ်ထားသော ပံ့ပိုးထောက်ပံ့မှုဆိုင်ရာ မဟာနည်းဗျူဟာများကို အသိပေးဖို့ရန်ငှာ စာသင်ကျောင်းများတစ်ဝှမ်း PBIS လိုက်နာဆောင်ရွက်မှုအား တိုင်းတာမှုပြုပေးသည့် တရားဝင် အကဲဖြတ်စစ်ဆေးမှုကိရိယာတစ်ခုဖြစ်သော အဆင့်လိုက်ဆောင်ရွက်ထားသည့် လိုက်နာဆောင်ရွက်မှု မှတ်တမ်းစာရင်း (TFI) အား အသုံးပြုသွားရန်။ | **2029 အတွက် စမတ် (SMART) ပန်းတိုင် -**<br><br>• DCSD စာသင်ကျောင်းများ၏ 100% သည် ပြန်လည်ပြုပြင်ထိန်းသိမ်းမှု အလေ့အကျင့်များကို အသုံးပြုလာမည် ဖြစ်သည်။<br>• DCSD စာသင်ကျောင်းများ၏ 75% သည် PBIS အား အကောင်အထည်ဖော် ဆောင်ရွက်မည် ဖြစ်သည်။ |

| လုပ်ဆောင်ချက်ပိုင်းဆိုင်ရာ ရည်မှန်းချက် နှင့် မဟာနည်းဗျူဟာများ | သော့ချက်ကျသော လုပ်ဆောင်ချက် ညွှန်းကိန်း (KPI) |
|---|---|

**4.3 အပြုသဘောဆောင်၍ ညှိနှိုင်းပါဝင်ဆောင်ရွက်မှုရှိသော စာသင်ကျောင်း အတွေ့အကြုံတစ်ခုအား ဖန်တီးပေးခြင်းအားဖြင့် ကျောင်းသားများ၏ ကျောင်းပုံမှန်တက်ရောက်မှုအား ဖွံ့ ဖြိုးတိုးတက်မှု ရှိစေရန်။**

a. ဆုချသည့် အစီအစဉ်များ၊ အသိအမှတ်ပြုသည့် စနစ်များ သို့မဟုတ် ပုံမှန် အတန်းတက်ရောက်သော ကျောင်းသားများအတွက် အထူးအခွင့်အရေးများ အစရှိသည်တို့အပါအဝင် ကောင်းမွန်သော ကျောင်းပုံမှန်တက်ရောက်မှုကို အသိအမှတ်ပြုသည့်အနေနှင့်ဌာ အပြုသဘောဆောင်သော တွန်းအားပေးတိုက်တွန်းမှု နည်းဗျူဟာများအား အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

b. မိသားစု ညှိနှိုင်းပါဝင်ဆောင်ရွက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများအား ကမ်းလှမ်းပေးခြင်း၊ အရင်းအမြစ်များ နှင့် ပံ့ပိုးမှု ဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်း၊ ထို့ပြင် စိတ်လှုံ့ဆော်တက်ကြွမှုနှင့် အတန်းပုံမှန်တက်ရောက်မှုအား မြှင့်တင်ရန်အတွက်ဌာ စာသင်ကျောင်း လှုပ်ရှားဆောင်ရွက်မှုများတွင် ရပ်ရွာအဖွဲ့အစည်း အဖွဲ့ဝင်များအား ပါဝင်စေခြင်း အစရှိသည်တို့အားဖြင့် မိသားစုများ၊ ရပ်ရွာအဖွဲ့အစည်းများတို့နှင့်အတူတကွ ခိုင်မာသော ဆက်ဆံရေးများအား တည်ဆောက်သွားရန်။

c. ပုံမှန်ဆိုသလို ကျောင်းပျက်လေ့ရှိသော ကျောင်းသားများအတွက် နေအိမ်သို့ သွားရောက်တွေ့ဆုံခြင်း၊ တစ်ဦးချင်းစီအတွက် ပံ့ပိုးထောက်ပံ့မှု အစီအစဉ်များ ရေးဆွဲပေးခြင်း၊ နှင့် ကျောင်းပျက်ကွက်မှု အကြောင်းအရင်းများ (ဥပမာ ကျန်းမာရေးပြဿနာများ သို့မဟုတ် ပို့ဆောင်ရေး အခက်အခဲများ အစရှိသည်တို့)ကို ကူညီဖြေရှင်းပေးခြင်း အစရှိသည်တို့အပါအဝင် ၎င်းကျောင်းသားများအတွက် အစောပိုင်း ဖော်ထုတ်သတ်မှတ်မှုနှင့် ကြားဝင်ဆောင်ရွက်မှု စနစ်တစ်ခုအား စီစဉ်ရေးဆွဲပေးရန်။

d. ကျောင်းပျက်ကွက်မှုနှုန်းများ ပိုမိုမြင့်မားသည့် ကျောင်းသားအုပ်စုများ သို့မဟုတ် စာသင်ကျောင်းများအတွက် ကြားဝင်ဆောင်ရွက်ပေးမှုများနှင့် နည်းဗျူဟာများအား ပစ်မှတ်ထား ဆောင်ရွက်ဖို့အလို့ငှာ ကျောင်းတက်ရောက်မှု ဒေတာအချက်အလက်များအား မကြာခဏ ခွဲခြမ်းစိတ်ဖြာသုံးသပ်၍ ၎င်းဒေတာအချက်အလက်များအား အသုံးပြုကာ ခေတ်ရေစီးကြောင်းများနှင့် ပက်တန်ပုံစံများတို့ကို ဖော်ထုတ်ဆောင်ရွက်သွားရန်။

**2029 အတွက် စမတ် (SMART) ပန်းတိုင် -**

- GOSA အတန်းပုံမှန်တက်ရောက်မှုဆိုင်ရာ အစီရင်ခံချက်အရ ရေရှည် အတန်းပျက်ကွက်မှုနှုန်းထားသည် 15% အထိ လျော့ကျသွားမည် ဖြစ်သည်။

**4.4 စာသင်ကျောင်းများ အားလုံးသည် ၎င်းတို့၏ ဝန်ထမ်းများထံ ပြဿနာဖြန်ဖြေသည့် နည်းပညာများနှင့် အရေးပေါ်အွန္တရာယ်အခြေအနေ ကြိုတင်ကာကွယ်သည့် ကြားဝင်ဆောင်ရွက်မှု (CPI) မဟာနည်းဗျူဟာများအကြောင်း ထရိန်နင်သင်တန်းပေးထားကြောင်း သေချာအောင် ဆောင်ရွက်ရန်။**

a. ခရိုင်တစ်ဝှမ်း သက်ဆိုင်ရာ ဧရိယာများ/စာသင်ကျောင်းများရှိ ကျောင်းအဆင့် ဝန်ထမ်းများအား ထရိန်နင်သင်တန်းပေးဖို့အလို့ငှာ CPI ထရိန်နင်ရရှိထားသည့် ခရိုင် ဝန်ထမ်းများအား ခွဲဝေတာဝန်ချမှတ်သွားရန်။

b. အရေးပေါ်အွန္တရာယ်အခြေအနေ ကာကွယ်တားဆီးသည့် ကြားဝင်ဆောင်ရွက်မှု (CPI) နည်းဗျူဟာများအကြောင်း ကျောင်းဝန်ထမ်း 3 ဦး သို့မဟုတ် အထက်ထံ သင်ကြားပေးရန်အလို့ငှာ ထရိန်နင်သင်တန်းပေးသူတစ်ဦး ဖြစ်လာစေဖို့ရန် ထရိန်နင်သင်တန်းပေးခြင်း (Train the Trainer) မော်ဒယ်အား အသုံးပြုသွားရန်။

c. ခရိုင်တစ်ဝှမ်းမှ ဝန်ထမ်းများ အားလုံးအတွက် ထရိန်နင်သင်တန်းပေးရန် အချိန်စာရင်းတစ်ခု အပါအဝင် သင်ကြားပေးမည့် သက်ဆိုင်ရာ ပြဿနာဖြန်ဖြေမှု စည်းမျဉ်းများနှင့် CPI နည်းဗျူဟာများတို့အကြောင်း ဖော်ပြထားသည့် အလုံးစုံပါဝင်သော ထရိန်နင်သင်တန်း အစီအစဉ်နှင့် ပြက္ခဒိန်တစ်ခုအား ဖန်တီးသွားရန်။

d. ပြဿနာဖြန်ဖြေမှု ထရိန်နင်သင်တန်းနှင့် CPI အသိအမှတ်ပြုလက်မှတ် အစီအစဉ်အတွင်း ဝန်ထမ်းများ၏ ပါဝင်မှုအား ခြေရာခံရန်၊ နှင့် ၎င်းတို့၏ တိုးတက်မှုအခြေအနေအား စောင့်ကြည့်၍ နောက်ဆက်တွဲ ပံ့ပိုးထောက်ပံ့မှုများ လိုအပ်နိုင်သော စာသင်ကျောင်းများ သို့မဟုတ် ဝန်ထမ်း အဖွဲ့ဝင်များတို့အား ဖော်ထုတ်ရန် အစရှိသည်တို့အတွက်ဌာ စနစ်တစ်ခုအား အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

e. စစ်တမ်းများ၊ အဓိကအာရုံပြု အုပ်စုအဖွဲ့များ နှင့် အရေးပေါ်အခြေအနေဖြစ်ရပ်များနှင့်ပတ်သက်သည့် ဒေတာများအား ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုများ အစရှိသည်တို့ကို အသုံးပြုခြင်းဖြင့် ခရိုင်၏ ပြဿနာဖြန်ဖြေမှု ထရိန်နင်သင်တန်း နှင့် CPI အကောင်အထည်ဖော်ဆောင်ရွက်မှုတို့၏ ထိရောက်မှုကို ပုံမှန် အကဲဖြတ်သုံးသပ်သွားရန်။

**2029 အတွက် စမတ် (SMART) န်းတိုင် -**

- ပြဿနာဖြန်ဖြေမှု/အရေးပေါ်အွန္တရာယ်အခြေအနေကာကွယ်တားဆီးသည့် ကြားဝင်ဆောင်ရွက်မှု (CPI) နှင့်ပတ်သက်၍ ထရိန်နင်သင်တန်း ရရှိထားသော ဝန်ထမ်းများရှိသည့် စာသင်ကျောင်းများ အရေအတွက်အား 50% အထိ တိုးမြင့်လာစေရန် DCSD မှ ဆောင်ရွက်သွားမည် ဖြစ်သည်။





## ပန်းတိုင် ဧရိယာ 5

# စိတ်ကျန်းမာရေးနှင့် ဖူလုံပြည့်စုံကောင်းမွန်ရေး

| လုပ်ဆောင်ချက်ပိုင်းဆိုင်ရာ ရည်မှန်းချက် နှင့် မဟာနည်းဗျူဟာများ | သော့ချက်ကျသော လုပ်ဆောင်ချက် ညွှန်းကိန်း (KPI) |
|---|---|
| **5.1 အပြုသဘောဆောင်သော စိတ်ကျန်းမာရေးနှင့် ဖူလုံပြည့်စုံကောင်းမွန်ရေးအား မြှင့်တင်ပေးသည့် လုံခြုံအန္တရာယ်ကင်း၍ ပံ့ပိုးထောက်ပံ့မှုရှိသော ပတ်ဝန်းကျင်များကို ဖန်တီးသွားရန်။**<br><br>a. လိုအပ်သော ပံ့ပိုးထောက်ပံ့မှု ပမာဏနှင့် အထွေထွေ သတိပြုသိရှိမှုများအား သတ်မှတ်ဆုံးဖြတ်ရန်အတွက်၄ ဝန်ထမ်းများနှင့် ကျောင်းသားများတို့အတွက် စံသတ်မှတ်ထားသော လိုအပ်ချက် အကဲဖြတ်စစ်ဆေးမှုတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။<br><br>b. အန္တရာယ်ကင်းလုံခြုံ၍ အလုံးစုံပါဝင်မှုရှိကာ ပံ့ပိုးထောက်ပံ့မှုပြုပေးသော နေရာများအား ကျောင်းသားများအတွက် ဖန်တီးပေးဖို့ရန်၄ လူမှုရေး စိတ်ခံစားချက်ပိုင်းဆိုင်ရာ သင်ယူလေ့လာမှု (SEL) ထရိန်သင်တန်းအား ထောက်ပံ့ပေးသွားရန်။<br><br>c. ကျောင်းသားများအနေနှင့် မိမိတို့၏ စိတ်ခံစားချက်များ စီမံခန့်ခွဲနိုင်ရန်၊ ပြဿနာ ဖြေရှင်းမှုပြုနိုင်ရန် နှင့် အခြားသူများနှင့်အတူ အပြုသဘောဆောင်သော ဆက်ဆံရေးများ ဖန်တီးပြုလုပ်နိုင်စေဖို့ရန် အထောက်အကူပြုပေးနိုင်သော SEL သင်ရိုးညွှန်းတမ်းအား အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။<br><br>d. ဝန်ထမ်းများနှင့် ကျောင်းသားများအတွက် နှစ်စဉ် ထရိန်နင်သင်တန်းအား ကမ်းလှမ်းထောက်ပံ့ပေးခြင်းဖြင့် စိတ်ကျန်းမာရေးဆိုင်ရာ သတိပြုသိရှိမှုအား တိုးမြှင့်ဆောင်ရွက်သွားရန်။<br><br>e. စိတ်ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများအား အစီရင်ခံတင်ပြခြင်း၊ ထို့ပြင် အကယ်၍ အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေတွင် ဝန်ထမ်းများအနေနှင့် ကျောင်းသားများ၊ မိဘများ၊ နှင့် ပထမဆုံး တုံ့ပြန်ဆောင်ရွက်ပေးသူများ အစရှိသူတို့ဖြင့် မည်သို့ ဆက်သွယ်ဆောင်ရွက်မှုပြုရမည်ဖြစ်ကြောင်း ဖော်ပြထားခြင်း အစရှိသည်တို့နှင့်ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ အစီအစဉ်တစ်ခုအား စီမံရေးဆွဲသွားရန်။<br><br>f. စိတ်ကျန်းမာရေးဆိုင်ရာ စိုးရိမ်ဖွယ်ရာ အခြေအနေများအား တင်ပြတိုင်ကြားမှုပြုလုပ်စေဖို့၄ ကျောင်းသားများအတွက် ရှင်းလင်းပြတ်သား၍ ဝင်ရောက်ရယူမှုပြုနိုင်သော လမ်းကြောင်းများအား စီစဉ်ရေးဆွဲပေးသွားရန်။<br><br>g. ကျောင်းသားများနှင့် ဝန်ထမ်းများအတွက် စိတ်ကျင့်စဉ် အလေ့အကျင့်များ ပြုလုပ်နိုင်မည့် အရင်းအမြစ်များနှင့် အခွင့်အလမ်းများအား ထောက်ပံ့ပေးသွားရန်။ | **2029 အတွက် စမတ် (SMART) ပန်းတိုင် -**<br><br>• DCSD သည် ကျောင်းသား လုံခြုံရေး စင်တာများ၏ အရေအတွက်ကို နှစ်ဆယ်သို့ တိုးမြှင့်သွားမည် ဖြစ်သည်။<br><br>• DCSD သည် ဝန်ထမ်း လုံခြုံရေး နေရာများ၏ အရေအတွက်ကို တစ်ဆယ့်ငါးသို့ တိုးမြှင့်သွားမည် ဖြစ်သည်။ |

| လုပ်ဆောင်ချက်ပိုင်းဆိုင်ရာ ရည်မှန်းချက် နှင့် မဟာနည်းဗျူဟာများ | သော့ချက်ကျသော လုပ်ဆောင်ချက် ညွှန်းကိန်း (KPI) |
|---|---|

**5.2 ကောင်းမွန်စွာ စီမံခန့်ခွဲထားသည့် သင်ယူလေ့လာမှု ပတ်ဝန်းကျင်အား ပျိုးထောင်နိုင်ရန်အလို့ငှာ စိတ်ကျန်းမာရေးအပေါ် သက်ရောက်မှုရှိနိုင်သော အချက်များအကြောင်း သတိပြုသိရှိစေဖို့ တိုးမြှင့်ဆောင်ရွက်သွားရန်။**

a. သတိပြုသိရှိမှုအား မြှင့်တင်ရန်နှင့် အားထုတ်မှုများအား အကောင်းဆုံး အသုံးချနိုင်စေရန်ငှာ အီးမေးလ်နှင့် လူမှုမီဒီယာများ အပါအဝင် စိတ်ကျန်းမာရေးအား သတိပြုသိရှိစေသည့် ကန်ပိန်းများကို နှစ်စဉ် စီစဉ်ဆောင်ရွက်သွားရန်။

b. ကျောင်းသားများနှင့် ဝန်ထမ်းများတို့နှင့်အတူ စိတ်ဖိစီးမှု စီမံခန့်ခွဲသည့် နည်းဗျူဟာများအကြောင်း အသေးစိတ် စီစဉ်ဆောင်ရွက်ရန်ငှာ စာသင်ကျောင်းများတွင် ပညာပေးဆိုင်ရာ အရင်းအမြစ်များကို ဖြန့်ဝေပေးသွားရန်။

c. အလုပ်အကိုင်နှင့်ဘဝနေထိုင်မှု ဟန်ချက်ညီမျှမှုရှိခြင်း၊ လိုအပ်သလိုချိန်ညှိပြင်ဆင်မှုပြုလုပ်နိုင်သော အချိန်စာရင်းများ၊ ထို့ပြင် ဝန်ထမ်းများ၏ ဖူလုံပြည့်စုံရေးကို တိုးတက်စေပြီး၊ ခြေကုန်လက်ပန်းကျမှုအား လျော့ချပေးကာ တစ်ကိုယ်ရေ ဖွံ့ ဖြိုးတိုးတက်မှုကို တိုက်တွန်းအားပေးသည့် စိတ်ဖိစီးမှုဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များကို ဝန်ထမ်းများအတွက် မြှင့်တင်ဆောင်ရွက်ပေးသွားရန်။

d. ကျောင်းသားများနှင့် ဝန်ထမ်းများအတွက် စိတ်ကျင့်စဉ် အလေ့အကျင့်များ ပြုလုပ်နိုင်မည့် အရင်းအမြစ်များနှင့် အခွင့်အလမ်းများကို ထောက်ပံ့ပေးသွားရန်။

2029 အတွက် စမတ် (SMART) ပန်းတိုင် -

- DCSD သည် စိတ်ကျန်းမာရေးအပေါ် သက်ရောက်မှုရှိနိုင်သည့် အချက်များအကြောင်း သတိပြုသိရှိစေမှုကို နှစ်စဉ် 20% အထိ တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်သည်။

**5.3 စာသင်ခန်း အမူအကျင့်နှင့် အပေါင်းအဖော် ဆက်ဆံရေးများ ဖွံ့ ဖြိုးတိုးတက်လာစေဖို့ရန်ငှာ စိတ်ကျန်းမာရေးအတွက် ပံ့ပိုးထောက်ပံ့ပေးသည့် ဝန်ထမ်းများကို တိုးမြှင့်ခန့်အပ်သွားရန်။**

a. စိတ်ကျန်းမာရေးအား ပံ့ပိုးထောက်ပံ့ပေးသည့် ဝန်ထမ်းများအား တိုးမြှင့်ခန့်အပ်ရန်ငှာ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားရန်။

b. ဒေသတွင်း၊ ပြည်နယ်တွင်း နှင့် နိုင်ငံတစ်ဝှမ်း သတင်းစာစောင်ထုတ်ဝေမှုများအတွင်း စိတ်ကျန်းမာရေးဝန်ထမ်း အလုပ်အကိုင် အခွင့်အလမ်းများကို ထည့်သွင်းကြေငြာသွားရန်။

c. အလားအလာရှိသော ဝန်ထမ်းများအား ခန့်အပ်နိုင်ရန်အတွက်ငှာ စိတ်ကျန်းမာရေးဆိုင်ရာ အေဂျင်စီများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်ပြုလုပ်သွားရန်။

d. အလားအလာရှိသော ဝန်ထမ်း လျှောက်ထားသူများ တစ်သီတစ်တန်း ရှိလာစေဖို့ငှာ ကောလိပ်များနှင့် တက္ကသိုလ်များဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်။

2029 အတွက် စမတ် (SMART) ပန်းတိုင် -

- DCSD သည် ခရိုင်တစ်ဝှမ်း စိတ်ကျန်းမာရေးဆိုင်ရာ ပံ့ပိုးထောက်ပံ့ပေးသည့် ဝန်ထမ်းများ အရေအတွက်ကို နှစ်ဆယ့်သုံးအထိ တိုးမြှင့်သွားမည် ဖြစ်သည်။

**5.4 စိတ်ကျန်းမာရေး လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်ယူလေ့လာမှု အခွင့်အလမ်းများတွင် ဝန်ထမ်းများ ပါဝင်ဆောင်ရွက်နိုင်မှုအား တိုးမြှင့်ဆောင်ရွက်ပေးသွားရန်။**

a. ဆရာ၊ဆရာမများအတွက် မဖြစ်မနေတက်ရောက်ဖို့ရန်လိုအပ်သော စိတ်ကျန်းမာရေးနှင့် ဖူလုံပြည့်စုံရေးဆိုင်ရာ ပံ့ပိုးထောက်ပံ့မှု မော်ဂျူးတစ်ခုအား ဖန်တီးပေးသွားရန်။

b. ပြင်ပမှ စိတ်ကျန်းမာရေးနှင့် ဖူလုံပြည့်စုံရေးဆိုင်ရာ ထောက်ပံ့ပေးသူများနည်းတူ ဝန်ထမ်းများ ဗဟုသုတ သိရှိကြွယ်ဝစေဖို့ရန်ငှာ ပြင်ပမှ စိတ်ကျန်းမာရေးနှင့် ဖူလုံပြည့်စုံရေးဆိုင်ရာ အေဂျင်စီများနှင့် လက်တွဲဆောင်ရွက်မှုများကို ပျိုးထောင်သွားရန်။

c. ဝန်ထမ်း တွေ့ဆုံဆွေးနွေးပွဲများနှင့် ဆရာ၊ဆရာမ အလုပ်ရက်များအတောအတွင်း စိတ်ကျန်းမာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို ထည့်သွင်းဆောင်ရွက်သွားရန်။

d. စိတ်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများအကြောင်း ဝန်ထမ်းများ ပိုမိုသတိပြုသိရှိလာစေဖို့ငှာ ခရိုင်တစ်ဝှမ်း မြင်သာသော ဆိုင်းဘုတ်များနှင့် အီလက်ထရောနစ် အချက်အလက်များကို ထုတ်ပြန်သွားရန်။

e. ဝန်ထမ်း ပံ့ပိုးထောက်ပံ့မှု အစီအစဉ်များ (EAP များ) သို့ ဝင်ရောက်ရယူနိုင်မှုအား ချဲ့ထွင်ဆောင်ရွက်သွားရန်။

f. စိတ်ကျင့်စဉ် အလေ့အကျင့်များ၊ စိတ်ဖိစီးမှု စီမံခန့်ခွဲသည့် နည်းစနစ်များ၊ ထို့ပြင် တစ်ကိုယ်ရေစောင့်ရှောက်မှု နည်းစနစ်များ အစရှိသည်တို့အကြောင်း အလုပ်ရုံဆွေးနွေးပွဲများနှင့် အရင်းအမြစ်များကို ကမ်းလှမ်းထောက်ပံ့ပေးရန်။

2029 အတွက် စမတ် (SMART) ပန်းတိုင် -

- DCSD ဝန်ထမ်း 100% သည် စိတ်ကျန်းမာရေးနှင့် ဖူလုံပြည့်စုံရေးဆိုင်ရာ မော်ဂျူးတစ်ခုအား ပြီးမြောက်ဆောင်ရွက်ကြမည် ဖြစ်သည်။



## ပန်းတိုင် ဧရိယာ 6

# အဖွဲ့အစည်းဆိုင်ရာ အကောင်းဆုံးဖြစ်မှု

### လုပ်ဆောင်ချက်ပိုင်းဆိုင်ရာ ရည်မှန်းချက် နှင့် မဟာနည်းဗျူဟာများ

**6.1 ကျောင်းသားများ အားလုံးအတွက် သန့်ရှင်းသေသပ်၍ လုံခြုံအန္တရာယ်ကင်းကာ ထိရောက်သော စာသင်ကျောင်း ဝန်ဆောင်ထောက်ပံ့မှုများ ထောက်ပံ့ပေးသွားရန်။**

a. ရယူအကောင်အထည်ဖော်ဆောင်ရွက်မှု နှင့် အစီအစဉ် စီမံခန့်ခွဲမှုတို့အကြား တစ်ညီတည်းဖြစ်မှုကို သေချာစေရန်အတွက်ဌာ သက်ဆိုင်ရာ ဌာနခွဲများအကြား ပူးပေါင်းစီမံဆောင်ရွက်မှုများကို အားအင်ဖြည့်တင်းရန်။ ဤသို့အားဖြင့် E-SPLOST အတွက် စီစဉ်ထားသော အချိန်မျဉ်းလိုင်းများ၊ ငွေကြေးလျာထားချက်များ နှင့် သုံးစွဲမှုနှုန်းထားများ၊ ထို့ပြင် အခြားသော ဖော်ထုတ်သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှု မတည်သည့် ရန်ပုံငွေများ အစရှိသည်တို့ကို စေ့စပ်ချိန်ညှိခြင်းအားဖြင့် ဤအရင်းအမြစ်များ ထိရောက်စွာ အသုံးပြုမှုနှင့် အစီရင်ခံတင်ပြမှုတို့ကို သေချာစေမည်ဖြစ်ကာ ပိုမိုချောမွေ့စွာဖြင့် စီမံချက်ကို စီစဉ်ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။

b. ဖွံ့ ဖြိုးဆောင်ရွက်ဆဲဖြစ်သည့် စီမံချက် အတိုင်းအတာအကျယ်အဝန်း၊ အကျိုးဆက်နှင့် ဒီဇိုင်းရေးဆွဲမှု ကုန်ကျစရိတ်များတို့အတွက် စံသတ်မှတ်ထားသော အလေ့အကျင့်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။ ဌာနတွင်း ကုန်ကျစရိတ် ထိန်းချုပ်မှုများ၊ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှု အစီအစဉ်များ နှင့် ငွေကြေးပိုင်းဆိုင်ရာ ကြည့်ရှုစစ်ဆေးမှု လုပ်ငန်းစဉ်များ အစရှိသည်တို့နှင့်အညီ လိုက်နာဆောင်ရွက်မှုကို တွန်းအားပေးဆောင်ရွက်သွားရန်။ ဤကဲ့သို့သော စံသတ်မှတ်၍ လုပ်ဆောင်မှုများသည် ရင်းနှီးမတည်ငွေ စီမံချက်များ စီမံခန့်ခွဲရာ၌ တစ်သမတ်တည်းဖြစ်မှုနှင့် ထိရောက်အစွမ်းထက်မှုတို့ကို သေချာစေမည် ဖြစ်သည်။

c. စီမံအုပ်ထိန်းမှုဆိုင်ရာ ဝန်ဆောင်မှုများအတွက် အရည်အသွေး အာမခံသော လုပ်ငန်းစဉ်တစ်ခုအား ထုတ်ပြန်ဆောင်ရွက်သွားရန်။ ဤလုပ်ငန်းစဉ်အတွင်းတွင် မကြာခဏ သန့်ရှင်းရေးပိုင်းဆိုင်ရာ အကဲဖြတ်စစ်ဆေးမှုများ၊ လက်ကျန်ပစ္စည်းစာရင်း ထိန်းချုပ်မှု၊ အရင်းအမြစ် ခွဲဝေမှု နှင့် စာသင်ကျောင်း အခြေပြုသည့် စီမံအုပ်ထိန်းမှုဆိုင်ရာ အဖွဲ့များအား ပံ့ပိုးထောက်ပံ့ပေးသော ထရိန်နင်သင်တန်း အစီအစဉ်များ အစရှိသည်တို့ ပါဝင်သင့်ပေသည်။ ပုံမှန်ဆိုသလို အကဲဖြတ်သုံးသပ်စစ်ဆေးမှုများ ဆောင်ရွက်ခြင်းအားဖြင့် စာသင်ကျောင်းများတွင် သန့်ရှင်းမှု နှင့် ထိန်းသိမ်းရေးပိုင်း ဖွံ့ ဖြိုးတိုးတက်စေဖို့ရန်ဌာ လိုအပ်သော နယ်ပယ်ဧရိယာများကို ဖော်ထုတ်နိုင်ဖို့ အထောက်အကူဖြစ်စေမည် ဖြစ်ပြီး၊ မြင့်မားသော စံသတ်မှတ်ချက်များကို သေချာစေမည် ဖြစ်သည်။

d. စာသင်ကျောင်း အဆောက်အအုံများ အားလုံးတွင် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များနှင့် အားနည်းမှုများတို့အား ဖော်ထုတ်နိုင်ဖို့ရန်အလို့ဌာ လုံခြုံရေးဆိုင်ရာ အကဲဖြတ်စစ်ဆေးမှုများကို ပုံမှန် ဆောင်ရွက်သွားရန်။ ဤအကဲဖြတ်စစ်ဆေးမှုများတွင် ဖော်ပြပါတို့ အပါအဝင် အခြားသက်ဆိုင်ရာများ အကန့်အသတ်မရှိ ပါဝင်ပေမည် - မီးဘေးအန္တရာယ်များ၊ ဖွဲ့စည်းတည်ဆောက်မှုပိုင်းဆိုင်ရာများ၊ လုံခြုံရေး စနစ်များ နှင့် မသန်စွမ်း ကျောင်းသားများအတွက် ဝင်ရောက်ရယူနိုင်စွမ်း အစရှိသည်တို့ကို အကဲဖြတ်စစ်ဆေးမှုများ။

### သော့ချက်ကျသော လုပ်ဆောင်ချက် ညွှန်းကိန်း (KEY PERFORMANCE INDICATOR, KPI)

2029 အတွက် စမတ် (SMART) ပန်းတိုင် -

- ကျောင်းဝန်ဆောင်ထောက်ပံ့မှု အဆောက်အအုံများ၏ 100% သည် ကောင်းမွန်သော အခြေအနေတွင် ရှိနေရမည် ဖြစ်ပြီး၊ စာသင်ကျောင်း ဝန်ဆောင်မှုအဆောက်အအုံ အကဲဖြတ်စစ်ဆေးရေးအဖွဲ့ မှ တိုင်းတာဆောင်ရွက်ချက်များနှင့်အညီ ပြုပြင်မှုများ ပြုလုပ်ရပေမည်။
- DCSD သည် ဆောက်လုပ်ရေး အထွေထွေအသုံးစရိတ်/အထွေထွေစီမံအုပ်ချုပ်မှု ဆိုင်ရာ ကုန်ကျစရိတ်များကို 10% လျှော့ချသွားမည် ဖြစ်သည်။
- DCSD သည် အလုပ်မှာကြားချက် ပြီးမြောက်မှု အချိန် (ကြာမြင့်ရက်များ) အား 10% လျှော့ချသွားမည် ဖြစ်သည်။

| လုပ်ဆောင်ချက်ပိုင်းဆိုင်ရာ ရည်မှန်းချက် နှင့် မဟာနည်းဗျူဟာများ | သော့ချက်ကျသော လုပ်ဆောင်ချက် ညွှန်းကိန်း (KPI) |
|---|---|
| **6.2 ကျောင်းသားများ အားလုံးအတွက် လုံခြုံအန္တရာယ်ကင်း၍ ထိရောက်မှုရှိသော ပို့ဆောင်ဆက်သွယ်ရေး ဝန်ဆောင်မှုများ ထောက်ပံ့ပေးရန်။**<br>a. ဘတ်စ်ကား လမ်းကြောင်းများအား အကောင်းဆုံး ပြန်လည်စီမံရေးဆွဲရန်၊ အချိန်မှန် စွမ်းဆောင်နိုင်မှု ဖွံ့ဖြိုးတိုးတက်စေရန်၊ နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်သည့် ကုန်ကျစရိတ်များကို လျော့ချသွားရန်။<br>b. ကားပေါ်တက်/ကားပေါ်မှဆင်းသည့် လုပ်ငန်းစဉ်များ၊ ဘတ်စ်ကားပေါ်တွင် မျှော်မှန်းထားသည့် အမူအကျင့်များနှင့် အရေးပေါ်အခြေအနေ လေ့ကျင့်ရေးများ အစရှိသည်တို့အပါအဝင် ကျောင်းသားများအတွက် အလုံးစုံသော ဘတ်စ်ကား လုံခြုံအန္တရာယ်ကင်းရေးဆိုင်ရာ အစီအစဉ်များကို ရေးဆွဲ၊ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။<br>c. ဘတ်စ်ကား မောင်းနှင်သူများသည် လက်ရှိ ယာဉ်မောင်းနှင်မှု လုံခြုံရေးဆိုင်ရာ အလေ့အကျင့်များနှင့်အညီ လိုက်နာကျင့်သုံးမှုရှိကြောင်း၊ ထို့ပြင် နောက်ဆုံးပေါ် ခေတ်မီ နည်းပညာများနှင့် ကျောင်းသားဆိုင်ရာ စီမံခန့်ခွဲမှု နည်းဗျူဟာများတို့ကို အသုံးပြုမှုရှိကြောင်း သေချာစေရန်အတွက်ဗ ၎င်းတို့အတွက် ထရိန်နင်သင်တန်းများ အဆက်မပြတ် ထောက်ပံ့ပေးရန်။ | **2029 အတွက် စမတ် (SMART) ပန်းတိုင် -**<br>• ဘတ်စ်ကား လမ်းကြောင်းများ အားလုံးအား 95% အချိန်မှန် စွမ်းဆောင်နိုင်မှုရှိစေရန် ပျမ်းမျှထား ဆောင်ရွက်သွားမည် ဖြစ်သည်။ |
| **6.3 ကျောင်းသားများ အားလုံးအတွက် ထိရောက်သော စာသင်ကျောင်း အစာအဟာရ ဝန်ဆောင်မှုများနှင့် ကျန်းမာသော အစားအသောက်များ ထောက်ပံ့ပေးရန်။**<br>a. စီမံလည်ပတ်မှုများအား ခေတ်နှင့်အညီ တစ်ပြေးညီဖြစ်စေရန်၊ စွန့်ပစ်ပစ္စည်းများ လျှော့ချရန်၊ နှင့် ကျောင်းသားများအတွက် အစားအသောက် သုံးဆောင်မှု အတွေ့အကြုံအား မြှင့်တင်ပေးရန်။<br>b. စားသုံးသူ၏ အလုံးစုံသော စိတ်ကျေနပ်မှုကို တိုးတက်စေရန်အတွက်ဗ အရသာ မြည်းစမ်းခြင်း၊ အမျိုးစုံလင်သော မီနူး ရွေးချယ်စရာများနှင့် စားချင်စဖွယ်သော အစားအသောက် အပြင်အဆင်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။ | **2029 အတွက် စမတ် (SMART) ပန်းတိုင် -**<br>• DCSD သည် ကျောင်းနေ့လယ်စာ ပါဝင်မှု အလုံးစုံနှုန်းထားအား 10% တိုးမြှင့်သွားမည် ဖြစ်သည်။ |
| **6.4 ကျောင်းသားများ အားလုံးအတွက် လုံခြုံမှုရှိကာ အလွယ်တကူဝင်ရောက်ရယူနိုင်သည့်အပြင် တန်းတူညီမျှမှုရှိသော ဒီဂျစ်တယ် သင်ယူလေ့လာမှု ပတ်ဝန်းကျင်အား တိုးတက်ဆောင်ရွက်သွားရန် နှင့် ထိန်းသိမ်းပေးသွားရန်။**<br>a. ခရိုင်၏ ထုတ်ပြန်ထားသော ပြန်လည်ဆန်းသစ်မှု စက်ဝန်းနှင့်အညီ ကျောင်းသားများနှင့် သတ်မှတ်ထားသော ဝန်ထမ်းများ အားလုံး အသစ်သော ကိရိယာများကို လက်ခံရရှိကြကြောင်း သေချာအောင် ဆောင်ရွက်ရန်။<br>b. နည်းပညာပိုင်းဆိုင်ရာ ပြဿနာများအား နည်းနိုင်သမျှ အနည်းဆုံးဖြစ်စေရန်၊ နှင့် အသုံးပြုသူများ အားလုံးအတွက် ယုံကြည်စိတ်ချရသော နည်းပညာပိုင်းဆိုင်ရာ ဝင်ရောက်ရယူနိုင်မှုကို ထိန်းသိမ်းရန်အလို့ငှာ အခြေခံဖွဲ့စည်းမှုဆိုင်ရာ အမှုဖြစ်ရပ်များကို ဖြေရှင်းရန် တုံ့ပြန်ဆောင်ရွက်ချိန်များအား တိုးတက်ဆောင်ရွက်ပေးသွားရန် အစရှိသည်တို့အတွက်ဗ အလုံးစုံပါဝင်သော ကြိုတင်ကာကွယ်မှုပြုသည့် ထိန်းသိမ်းမှု အစီအစဉ်တစ်ခုအား အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။<br>c. စကားဝှက်များအား ရှုပ်ထွေးစွာ သတ်မှတ်ဖို့ရန် တွန်းအားပေးခြင်း၊ သင့်တင့်သော ဒေတာ ကိုင်တွယ်မှု လုပ်ငန်းစဉ်များအကြောင်း သုံးစွဲသူများထံ ပညာပေးခြင်း နှင့် သံသယဖြစ်ဖွယ်သော လှုပ်ရှားဆောင်ရွက်မှုအား အစီရင်ခံတိုင်ကြားဖို့ရန် တိုက်တွန်းအားပေးခြင်း အစရှိသည်တို့အပါအဝင် ခရိုင်တစ်ဝှမ်း ဆိုက်ဘာ လုံခြုံရေးဆိုင်ရာ မူဝါဒများနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိစေဖို့ စောင့်ကြည့်ကြပ်မတ်သည့် စနစ်တစ်ခုအား ထုတ်ပြန်သွားရန်။ | **2029 အတွက် စမတ် (SMART) ပန်းတိုင် -**<br>• DCSD သည် အဓိကကျသော နည်းပညာ အခြေခံဖွဲ့စည်းမှု အသုံးပြုချိန်အား 100% တိုးမြှင့်သွားမည် ဖြစ်သည်။<br>• DCSD သည် ကျောင်းသားများနှင့် ဝန်ထမ်းများတို့၏ ကိရိယာများအား 100% အစားထိုးပေးသွားမည် ဖြစ်သည်။ |
| **6.5 ခရိုင် အရင်းအမြစ်များနှင့်ပတ်သက်၍ အကောင်းဆုံးသော ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုအား သေချာအောင် ဆောင်ရွက်သွားရန်။**<br>a. ရှင်းလင်းသေချာသော DCSD စာရင်းစစ် အစီရင်ခံချက်များအား နှစ်စဉ် ရယူမှုပြုရန်။<br>b. ငွေကြေး တည်ငြိမ်ခိုင်မာမှုကို သေချာစေရန်အတွက်ဗ တစ်နှစ်တာလုံးတစ်လျှောက် အနည်းဆုံး 15% အား အထွေထွေ ရန်ပုံငွေ လက်ကျန်စာရင်းတစ်ခုအဖြစ် ထိန်းသိမ်းထားရန်။<br>c. ငွေပေးချေမှု လုပ်ငန်းစဉ်များအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်းအားဖြင့် အရောင်းဈေးသည်များနှင့် ဆက်ဆံရေးများအား ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်။<br>d. အရင်းအမြစ်များအား ထိရောက်စွာ အသုံးပြုကြောင်း၊ နှင့် ခရိုင် ပန်းတိုင်များနှင့်အညီ ဆက်လက်တိုးတက်မှုကို ခြေရာခံမှုရှိကြောင်း သေချာစေရန်အတွက်ဗ ခိုင်မာသော စီမံရေးဆွဲမှုနှင့် စောင့်ကြည့်ကြပ်မတ်မှု လုပ်ငန်းစဉ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။<br>e. ကျောင်းသားများ၏ အောင်မြင်ရရှိမှုနှင့် တိုးတက်ကြီးထွားမှုတို့အပေါ် ၎င်းတို့၏ သက်ရောက်မှုအား နည်းနိုင်သမျှ အနည်းဆုံး ဖြစ်စေဖို့အလို့ငှာ လူသား နှင့် ဘဏ္ဍာရေး အရင်းအမြစ်များအား နည်းစနစ်ကျကျ ခွဲဝေသုံးစွဲမှုပြုရန်။ | **2029 အတွက် စမတ် (SMART) ပန်းတိုင် -**<br>• DCSD သည် Georgia စာရင်းစစ်နှင့် စာရင်းကိုင်ဌာနထံမှ အန္တရာယ်ဖြစ်နိုင်ခြေနည်းကြောင်း သတ်မှတ်ထုတ်ပြန်ချက်ကို ရယူသွားမည် ဖြစ်သည်။<br>• DCSD သည် တစ်နှစ်တာလုံးတစ်လျှောက် နှစ်စဉ် ငွေကြေးလျာထားသော အသုံးစရိတ်များထဲမှ အနည်းဆုံး 15% ကို သတ်မှတ်ခွဲဝေထားခြင်းမရှိသည့် ရန်ပုံငွေ လက်ကျန်တစ်ခုအဖြစ် အရန် ထိန်းသိမ်းထားမည် ဖြစ်သည်။ |

# အမြန်ကြည့်ရှုလေ့လာရန်

## ကိန်းဂဏန်းနံပါတ်များဖြင့်

**138** ခုသော
စာသင်ကျောင်းများနှင့် စင်တာများ

**91K+**
ကျောင်းသားများ

**76%**
ကျောင်းပြီးမြောက် အောင်မြင်မှု နှုန်း

**14K**
ဝန်ထမ်းများ

**172** မျိုးသော
ဘာသာစကား ပြောဆိုမှုများ

## အထူးဖော်ပြချက်များ

**1 ပထမ**
GA အတွင်းမှ မတူကွဲပြားစုံလင်မှု အရှိဆုံးသော ခရိုင်

**3 တ**
Georgia အတွင်း အကြီးမားဆုံး ကျောင်းခရိုင်

**5**
GA ပြည်နယ်အတွင်း ထိပ်တန်း 100 စာရင်း၌ အဆင့်သတ်မှတ်ခြင်းခံရသည့် စာသင်ကျောင်းများ

**19** တစ်ဆယ့်ကိုးခုသော Georgia ခေါင်းစဉ် I ဂုဏ်သရေရှိ ဆုချီးမြှင့်ခံရသော စာသင်ကျောင်းများ

## လူမျိုးဆိုင်ရာ ခွဲဝေဖော်ပြချက်များ

**48.9%**
သော အမျိုးသမီး




လူမည်း - 51,765
ဟစ်စပန်းနစ် - 20,542
လူဖြူ - 10,205
အာရှသား - 5,949
အခြား - 3,294

**51.1%**
သော အမျိုးသား

**စာသင်ကျောင်းများ**

| | |
|---|---|
| မူလတန်းကျောင်း | 77 |
| အလယ်တန်းကျောင်း | 19 |
| အထက်တန်းကျောင်း | 22 |
| ပရိုဂရမ်အစီအစဉ် စာသင်ကျောင်းများ (PK-12) | 12 |
| ချာတာကျောင်းများ (K-12) | 8 |

**ကျောင်းသားများ**

| | |
|---|---|
| မူလတန်းကျောင်းသားများ | 41,727 |
| အလယ်တန်းကျောင်းသားများ (6-8) | 17,607 |
| အထက်တန်းကျောင်းသားများ (9-12) | 26,701 |
| ပရိုဂရမ်အစီအစဉ် စာသင်ကျောင်းများ (PK-12) | 1,626 |
| ချာတာကျောင်းများ (K-12) | |



28th

# မဟာနည်းဗျူဟာပိုင်းဆိုင်ရာ စီမံချက် စီမံရေးဆွဲသည့် အဖွဲ့

အကောင်းဆုံးဖြစ်စေဖို့ရန် ကြားဝင်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ သင်၏ အချိန်ပေးမှုနှင့် ကျွမ်းကျင်မှုများ ထည့်ဝင်ပေးခြင်းတို့အတွက် သင့်အား ကျေးဇူးတင်ရှိပါသည်။

## ကြီးကြပ်သူဌာနမှူး

Dr. Devon Q. Horton ၊ စာသင်ကျောင်းများ၏ ကြီးကြပ်သူဌာနမှူး

## ပညာရေးဘုတ်အဖွဲ့

Mr. Diijon DaCosta Sr.
ဘုတ်အဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင် 6

Mrs. Deirdre P. Pierce
ဒုဥက္ကဋ္ဌ၊ ခရိုင် 3

Mrs. Anna Hill
နယ်မြေ 1

Mrs. Whitney McGinniss
နယ်မြေ 2

Ms. Allyson Gevertz
နယ်မြေ 4

Mrs. Vickie B. Turner
နယ်မြေ 5

Dr. Joyce Morley
နယ်မြေ 7

## မဟာနည်းဗျူဟာပိုင်းဆိုင်ရာ စီမံချက် ကော်မတီ အဖွဲ့ဝင်များ

Sherry Everett ၊ ဥက္ကဋ္ဌ

**Juana Alzaga**
**Trenton Arnold**
**Rebecca Braaten**
**Shakina Champion**
**Lorraine Cochran-Johnson**
**Marcia Coward**
**Monika Davis**
**Jennifer Dees**
**Michelle Dillard**
**Kedra Fairweather**
**Anne Ferreira**
**Thomas Glanton**
**Ebony Green**
**Doryiane Gunter**
**Manish Gupta**
**Evelyn Hall**
**Erick Hofstetter**
**Jecorey Jackson**
**Danielle Jones**
**Deborah Jones**
**Kiana King**
**Lisa Limoncelli**
**Autumn Luke**
**Cedric Masten**
**Paul Mays**
**Lysa Moore**
**Steve Overcash**
**Elijah Palmer**
**Byron Schueneman**
**Rachel Smith**
**Stacy Stepney**
**Kishia Towns**
**Triscilla Weaver**

# ဝေဟာရ အဓိပ္ပါယ်ဖွင့်ဆိုချက်များ | အတိုကောက်စာလုံးများ

| | |
|---|---|
| **ရှုပါရုံမျှော်မှန်းထားရှိချက်** | အနာဂါတ်အတွက် ခရိုင်မှ အောင်မြင်ဆောင်ရွက်ဖို့ရန် သို့မဟုတ် ဖြစ်လာစေဖို့ရန် မျှော်လင့်ထားသော အရာအား ရှင်းလင်းဖော်ပြပေးသည်။ |
| **တာဝန်ခံယူချက်** | ခရိုင်နှင့်ပတ်သက်၍ မည်သို့သော တမူထူးခြားမှုရှိကြောင်း၊ ခရိုင်သည် မည်သည့်အရာကို ဆောင်ရွက်လျက်ရှိကြောင်း၊ နှင့် ခရိုင်သည် မည်သူတို့အတွက် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း အစရှိသည်တို့ကို နှုတ်ထွက်ဖော်ပြပေးသည်။ |
| **ပင်မ ယုံကြည်ချက်များ** | အထွေထွေ နှင့် အခြေခံကျသော ယူဆချက်များ/ကမ္ဘာကြီးအကြောင်း အမှန်တရားများ ထွေးပွေ့ ပါဝင်သည်။ |
| **ပင်မ တန်ဖိုးများ** | ခရိုင်နှင့်ပတ်သက်၍ အလုံးစုံသော အမူအကျင့်များနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများတို့ကို အဓိက မောင်းနှင်သည့် မူစည်းမျဉ်းများအား ချမှတ်ပေးခြင်း ဖြစ်သည်။ |
| **လုပ်ဆောင်ချက်ပိုင်းဆိုင်ရာ ရည်မှန်းချက်** | ခရိုင်သည် ၎င်း၏ အဆုံးသတ် ရလဒ်များအား မည်မျှ ထိရောက်စွာ အောင်မြင်ရရှိနေလျက်ရှိကြောင်း ပြသပေးသည့် တိုင်းတာမှုပြုလုပ်နိုင်သော သော့ချက်ကျသည့် တန်ဖိုးတစ်ခု။ |
| **သော့ချက်ကျသော လုပ်ဆောင်ချက် ညွှန်းကိန်း (KPI)** | ခရိုင်သည် ပန်းတိုင်များအား ပြည့်မီစေရန် မည်သို့ ဆောင်ရွက်နေလျက်ရှိကြောင်း ဖော်ပြသည့် တိုင်းတာမှုပြုလုပ်နိုင်သော ပစ်မှတ်တစ်ခု။ |
| **IGNITE U TIC များ** | IGNITE U သည် ဆရာ၊ဆရာမများအတွက် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်ယူလေ့လာမှု အစီအစဉ်တစ်ခု ဖြစ်သည်။ ၎င်းတို့၏ သတ်မှတ်ချက်အရ နည်းပညာပိုင်း ထည့်သွင်းပေါင်းစပ် ချိတ်ဆက်မှုများ (Technology Integration Connections) ဟု ခေါ်ဆိုသော TIC အား ပြီးမြောက်ဆောင်ရွက်ပေးဖို့ လိုအပ်သည်။ TIC သည် ဆရာ၊ဆရာမများအနေနှင့် ၎င်းတို့၏ သင်ကြားပို့ချမှုအတွင်း နည်းပညာအား မည်သို့ ထည့်သွင်းပေါင်းစပ်မှုပြုကြောင်း စောင့်ကြည့်ကြပ်မတ်ပေးသည်။ |
| **Digital Dreamer Hub (ဒီဂျစ်တယ် အိမ်မက်ရှင် စခန်း)** | ကျောင်းသားများအတွက် ဒီဂျစ်တယ် အရင်းအမြစ်များ တည်ရှိသည့် တည်နေရာ။ ဤစခန်းအတွင်းတွင် ကျောင်းသားကျင့်ဝတ်စည်းမျဉ်းဥပဒေ၊ Canvas အကြောင်း ခြုံငုံလေ့လာချက် နှင့် ဒီဂျစ်တယ်စာပေအား ပံ့ပိုးထောက်ပံ့ပေးသည့် အခြားသော အရင်းအမြစ်များတို့ ပါဝင်သည်။ |
| **ThoughtExchange (အတွေးအခေါ် ဖလှယ်မှု)** | ညှိနှိုင်းဆောင်ရွက်မှုများအား နက်ရှိုင်းစေပြီး၊ ဒေတာအချက်အလက်များအား မြှင့်တင်ပေးကာ ပိုမိုလျှင်မြန်၊ လွယ်ကူသည့် ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်များနှင့် လုပ်ဆောင်ချက်များကို ထောက်ပံ့ပေးနိုင်သော အသိဉာဏ်တု အသုံးပြုမှု အတွေ့အကြုံ ပလက်ဖောင်း။ |
| **ရှင်းလင်းမြင်သာသော စာရင်းစစ်** | ငွေကြေးဆိုင်ရာ ဖော်ပြချက်များအား သက်ဆိုင်ရာ စာရွက်စာတမ်းများအားလုံးတွင် သင့်တင့်စွာ တင်ပြထားကြောင်း၊ နှင့် ၎င်းတို့သည် သက်ဆိုင်ရာ ငွေကြေးအစီရင်ခံမှု အခြေခံစည်းမျဉ်းများဖြင့် တစ်သမတ်တည်းအညီဖြစ်ကြောင်း စာရင်းစစ်တစ်ဦး၏ ထင်မြင်ချက်အမြင်။ |
| **EOC** | သင်ရိုးအဆုံးသတ် အကဲဖြတ်စစ်ဆေးမှုစာမေးပွဲ (End of Course Assessment) |
| **EOG** | ဂရိတ်အတန်းအဆုံးသတ် အတန်းတင်စာမေးပွဲ (End of Grade Assessment) |
| **ELA** | အင်္ဂလိပ်ဘာသာစကား အနုပညာ ဘာသာရပ် |
| **CCRPI** | ကောလိပ်နှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ အသင့်ဖြစ်မှု လုပ်ဆောင်ချက် ညွှန်းကိန်း (College and Career Ready Performance Index) |
| **TKES** | ဆရာများအတွက် သော့ချက်ကျသော ထိရောက်အစွမ်းထက်မှု စနစ် (Teacher Keys Effectiveness System) |
| **LKES** | ခေါင်းဆောင်များအတွက် သော့ချက်ကျသော ထိရောက်အစွမ်းထက်မှု စနစ် (Leader Keys Effectiveness System) |
| **DKES** | DeKalb အတွက် သော့ချက်ကျသော ထိရောက်အစွမ်းထက်မှု စနစ် (DeKalb Keys Effectiveness System) |
| **GOSA** | ကျောင်းသားများ အောင်မြင်ရရှိရေးဆိုင်ရာ ပြည်နယ်အုပ်ချုပ်ရေးမှူး ရုံးခန်း (Governor's Office of Student Achievement) |
| **SRO** | စာသင်ကျောင်း အရင်းအမြစ်ဆိုင်ရာ အရာရှိ (School Resource Officer) |
| **စမတ် (SMART) ပန်းတိုင်** | စမတ် (SMART) ဟု ဆိုရာတွင် **S**pecific (အသေးစိတ်ကျသော)၊ **M**easurable (တိုင်းတာဆောင်ရွက်မှုပြုနိုင်သော)၊ **A**ttainable (အောင်မြင်ရယူနိုင်သော)၊ **R**elevant (သက်ဆိုင်မှုရှိသော)၊ နှင့် **T**ime-bound (အချိန်နှင့်ဘောင်ဝင်သော) အရာကို ဆိုလိုခြင်း ဖြစ်ပြီး၊ ထိရောက်မှုရှိသော ပန်းတိုင်များ သတ်မှတ်ရာတွင်၊ နှင့် ရည်မှန်းချက်များ စီမံရေးဆွဲရာတွင် စံသတ်မှတ်ချက်များအား ထုတ်ပြန်ရန်အတွက်ငှာ ၎င်းအား အသုံးပြုသည်။ |




@dekalbschools

/dekalbschools

@dekalbschoolsga

flickr.com/photos/dekalbschools

ဂရိတ်များ၊ အတန်းပုံမှန်တက်ရောက်မှု စာရင်းများ၊ အမှတ်အစီရင်ခံကတ်များ၊ နှင့် အကဲဖြတ်စစ်ဆေးမှုများ အစရှိသည်တို့အား 24-7 ဝင်ရောက်ရယူနိုင်မှု ရရှိရန်ဂှာ Infinite Campus တွင် စာရင်းသွင်းလိုက်ပါ

SCHOOLMESSENGER®

အရေးကြီးသော အမှာစကားများအား စာတိုပေးပို့မှု၊ ဖုန်းခေါ်ဆိုမှုများ နှင့် အီးမေးလ်တို့မှတစ်ဆင့် မျှဝေသည်ကို ရယူလိုက်ပါ။

DSTV
DEKALB SCHOOLS BROADCAST NETWORK

ကျွန်ုပ်တို့အား Comcast Channel 24 ၊ ခရိုင်ဝက်ဘ်ဆိုဒ် တွင် ကြည့်ရှုလိုက်ပါ၊ သို့မဟုတ် cablecast အက်ပ်အား ဒေါင်းလုဒ်ဆွဲရယူလိုက်ပါ

DeKalb County School District | dekalbschoolsga.org